# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်　　၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ အင်္ဂါနေ့　　အတွဲ (၆၂)၊ အမှတ် (၀၈၈)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်လူငယ်နှင့် စာပေအနုပညာပြပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၆

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ သာမဏေများနှင့် သီလရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာ ညွန့်ဖေနှင့် ဦးမင်းသိန်းဇံတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။


**ယနေ့** *ဖတ် စ ရာ*

**၂၀၂၃ ခုနှစ် ဘတ်ဂျက်ဥပဒေကို အယ်လ်ဂျီးရီးယားသမ္မတ လက်မှတ်ရေးထိုး** — နိုင်ငံတကာသတင်း စာ ၁၄

**နိုင်ငံတော်လွတ်လပ်ရေးနှင့် စာပေဗိမာန်၏ အခန်းကဏ္ဍ** — (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး စာ ၁၆

**မြန်မာ့အလင်း**

# ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ရေး

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းမှာ စိန်ရတုကာလသို့တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးနေ့ရောက်တိုင်း အခမ်းအနားများကျင်းပရခြင်းက အတိတ်ကာလတွင် ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ခဲ့ရဖူးသည်ကို မမေ့မလျော့ရန်၊ နိုင်ငံနှင့် လူမျိုးလွတ်လပ်ရေးအတွက် သွေး၊ အသက်ပေါင်းများစွာ ရင်းနှီး၍ ကြိုးပမ်းရယူခဲ့ရသည်တို့ကို ပြန်လည်အမှတ်ရရန်နှင့် မိမိတို့လက်ဝယ်ပိုင်ပိုင် ရှိထားသည့် အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးကို အလေးအနက်တန်ဖိုးထား ထိန်းသိမ်းကြရန်ဟူသော ရည်ရွယ်ချက်များက အဓိကဖြစ်သည်။

လူတစ်ဦးတစ်ယောက်အဖို့ ၇၅ နှစ်ဟူသောသက်တမ်းသည် ဘဝ၏ဆည်းဆာအချိန်ပင်ဖြစ်ပြီး သူ့ကျွန်ဘဝမှ လွတ်မြောက်လာခဲ့သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့်မူ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးတို့ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ကောင်းစွာလုံလောက်သော အချိန်ကာလဖြစ်သည်။ မိမိတို့နိုင်ငံသည် ထိုကာလအတွင်း ပါလီမန်ဒီမိုကရေစီစနစ်၊ တစ်ပါတီဗဟိုဦးစီးစနစ်၊ တပ်မတော်အစိုးရအုပ်ချုပ်ရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်တို့ကို ဖြတ်သန်းခဲ့ရသည်။ ထိုခေတ်ကာလများအတွင်း နိုင်ငံ၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားတို့ကို တည်ဆောက်ရာတွင် ကိုလိုနီနယ်ချဲ့တို့ ချန်ရစ်ခဲ့သည့် သမိုင်း၏ ဒဏ်ရာဒဏ်ချက်များ၊ စီမံခန့်ခွဲမှုအားနည်းချက်များနှင့် ပြည်တွင်း ပြည်ပ အနှောင့်အယှက် အဟန့်အတားများတို့ကိုပါ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အလျောက် ထင်တိုင်းမပေါက်နိုင်ခဲ့။

ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း မြန်မာနိုင်ငံနှင့် မရှေးမနှောင်းမှာပင် ထူထောင်ကြရသည့်နိုင်ငံများ ရှေ့သို့ခရီးမိုင်များစွာ ရောက်ရှိနေကြပြီ။ မိမိတို့မှာ ပြည်တွင်း၌ အာဏာနိုင်ငံရေးနှင့် လုံးထွေးရစ်ပတ်နေကြချိန်၊ လက်နက်ကိုင်ထောင်ထားခြားနားမှုများနှင့် အချင်းချင်း ပဋိပက္ခဖြစ်နေကြချိန်တွင် အတိတ်က သူလိုငါလို ပိန်မသာ လိမ်မသာမျှသာဖြစ်သော နိုင်ငံများက ထွန်းသစ်စနိုင်ငံများ၊ အာရှကျားများစသည်ဖြင့် ဖြစ်ကုန်သည်။ ဗဟိုဦးစီးစနစ်ကြောင့်၊ တစ်ပါတီအာဏာရှင် စနစ်ကြောင့် နိုင်ငံချွတ်ခြုံကျခဲ့ရသည်ဟု မိမိတို့အော်ဟစ်မြည်တမ်းနေကြချိန်တွင် အိမ်နီးချင်းမှ တစ်ပါတီဗဟိုဦးစီးသော နိုင်ငံကြီးက ကမ္ဘာ့ထိပ်တန်းအဆင့်သို့ တက်လှမ်းသွားနိုင်ခဲ့သည်။ သူသည်လည်း တစ်ချိန်တစ်ခါက ခွန်အားကို အသုံးပြု၍ အလုပ်လုပ်ခဲ့ရပြီး ရာရှင်စနစ်ဖြင့် ခွဲဝေစားသောက်ရသောဘဝကို ဖြတ်သန်းခဲ့ရသည်။ မှန်ကန်သော ဦးဆောင်မှု၏နောက်တွင် တစ်စည်းတစ်လုံးတည်းလိုက်ပါကာ တက်ညီ လက်ညီ ကြိုးပမ်းရုန်းကန် ဆောင်ရွက်ခဲ့ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စိန်ရတုလွတ်လပ်ရေးအခါသမယတွင် မိမိတို့သည် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်ရေးတို့ကို ဦးတည်ကြိုးပမ်းကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ရေး သမိုင်းပေးတာဝန်တို့ကို ထမ်းရွက်ကြရပါမည့် အကြောင်း။ ။



(၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

# (၇၅) ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒသြဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ ဒုတိယဥက္ကဋ္ဌ ဆရာတော် ရေဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်က “သာရဏီယသြဝါဒကထာ” ဖတ်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး(၂) ပါးနှင့် တိပိဋကဓရ တိပိဋကကောဝိဒသြဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ စာပြန်သံဃာနှင့် သဘောရေးဖြေသံဃာတော်များအတွက် အလှူရှင် ၂၄ ဦးက စုစုပေါင်းလှူဒါန်းငွေ ၈၉၄၈၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**အလှူငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအာဂုံပြန်ဆိုတော်မူကြသော စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များအား နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။




(၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကို ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း က တိုင်းဒေသကြီး အစိုးရအဖွဲ့ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းစဉ်။

ယနေ့ ဆွမ်းအလှူရှင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က (၄)ကြိမ်မြောက် အရုဏ်ဆွမ်း/နေ့ဆွမ်းများကို လှူဒါန်းကြသည်။

ယနေ့ စတင်ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး စာဖြေသံဃာ ၄၂၆ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ ***ရှေ့ဖုံးမှ***

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ ပြခန်းများနှင့် "ကြီးမြတ်သောမြန်မာ" မှတ်တမ်း ရုပ်ရှင်ရိုက်ကူးခဲ့မှုမှတ်တမ်းပြခန်းတို့ကို ၂ နာရီခွဲကြာ စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြသည်။

**သီဆိုကပြဖျော်ဖြေ**

ယင်းနောက် လူငယ်နှင့်စာပေအနုပညာပြပွဲ အခမ်းအနား ဒုတိယပိုင်းကို ညီလာခံခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများက "သွေးရင်းများပီပီ" တေးသီချင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများက "ပြည်မြန်မာ" တေးသီချင်း၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များက "ဇာတိမာန်" တေးသီချင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမှ ကျောင်းသား၊ ကျောင်းသူများက "ထာဝရမြန်မာ" တေးသီချင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများက "ပြည်ထောင်စုအင်အား" တေးသီချင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ထာဝရငြိမ်းချမ်းရေး" တေးသီချင်း၊ မြန်မာပြည်သိန်းတန်က "လွတ်လပ်ရေးတေးသံ" တေးသီချင်း၊ တင်မောင်ဆန်းမင်းဝင်းနှင့်အဖွဲ့က "တာဝန်ကိုယ်စီ ထိန်းသိမ်းမည်" တေးသီချင်းတို့ဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

မြင့်မားစေရေး၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကိုလေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို အလွယ်တကူသိမြင်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**လာရောက်လေ့လာနိုင်**

ပြပွဲကို ဒီဇင်ဘာ ၂၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ပြခန်းပေါင်း ၆၂ ခန်း ဖွင့်လှစ်ပြသထားကာ စာအုပ်၊ စာစောင်ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ “ကြီးမြတ်သောမြန်မာ” မှတ်တမ်းရုပ်ရှင် ရိုက်ကူးခဲ့မှု မှတ်တမ်းပြခန်းများကို စိတ်ပါဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသ ဖွင့်လှစ်ထားရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ပြည်သူများ အနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်(၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ စတင်ကျင်းပ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင် ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး ပြသစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ စတင်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပြပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် ပြခန်းများဖြစ်သည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ လွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံတော်အလံလွှင့်တင်ခြင်းအခမ်းအနား မှတ်တမ်းမှတ်ရာ၊ လွတ်လပ်ရေး ကြေညာစာတမ်းနှင့် လွတ်လပ်ရေး အသိအမှတ်ပြုစာတမ်း၊ လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်၊ မြန်မာနိုင်ငံတော်အလံများနှင့် ၁၉၄၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်တို့ကို ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်နှင့် ရွှေ့လျားစာအုပ်အရောင်းဆိုင်များ၊ စာပေဗိမာန်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို ပြသထားသည်။

## စည်ကားလျက်ရှိ

ထို့ပြင် ပြည်သူများ သိသင့်သိထိုက်သည့် သမိုင်းဝင်စာချုပ်၊ စာတမ်းများနှင့် ကျောက်စာများ ပြခန်း၊ အမျိုးသားစာကြည့်တိုက်ပြခန်း၊ ရေကြောင်း၊ လေကြောင်း၊ မြန်မာ့မီးရထားနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ ရွှေ့လျားသိပ္ပံနှင့် နည်းပညာပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု ပြခန်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးနှင့် ဆေးလိပ်/ ဆေးရွက်ကြီးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးပြခန်း၊ လူငယ်များ သိသင့်သိထိုက်သည့် အားကစားနှင့် လူငယ်ရေးရာပြခန်းနှင့် ဇရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းပြခန်း စသည်ဖြင့် ပြခန်းပေါင်း ဖိုင်ကျော်တို့ကို ခင်းကျင်းပြသထားသည်။

အလားတူ စာအုပ်စာပေဖတ်ရှုရန် စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များအတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေးစာအုပ်များ၊ ကျန်းမာရေးကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာ စာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေး စီမံခန့်ခွဲမှုစာအုပ်များနှင့် သမိုင်းစာအုပ်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲအတွင်း၌လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု စာရေးဆရာများ၏ ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသထားရာ ဓာတ်ပုံချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့်စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို သိရှိစေနိုင်မည့် အထူးဖျော်ဖြေရေး အစီအစဉ်များအဖြစ် ကြီးမြတ်သော မြန်မာ၊ သူ့ကျွန်မခံပြီနှင့် ဘာရုပ်ရှင်ကားများကိုလည်း အနုပညာဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် နေ့ရက်အလိုက် တင်ဆက်ပြသမှုများ၊ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

## ရှင်းလင်းပြသပေး

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သော မြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရန်အတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံးနည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများ၊ ရိုက်ကွင်းပုံရိပ်များကို ပြည်သူများ သိရှိနိုင်စေရန် ပြသထားပြီး သိရှိလိုသည်များကိုလည်း အနုပညာရှင်များက ရှင်းလင်းပြသပေးကြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံစေတီတော်၊ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး၊ ကျိုက်ထီးရိုးစေတီတော်နှင့် အင်းလေးဖောင်တော်ဦးဘုရားများပါဝင်ပြီး သာယာလှပသော တောတောင်ရှုခင်းများ၊ မြန်မာ့ရိုးရာလက်မှု အတတ်ပညာများဖြစ်သော ရွှေပန်းထိမ်အတတ်ပညာ၊ ပန်းတဉ်းအတတ်ပညာ၊ ရွှေချည်ထိုး၊ ရွှေဆိုင်းပြုလုပ်ပုံအဆင့်ဆင့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ပေါင်းစပ်ရိုက်ကူးတင်ဆက်ထားသည့်အတွက် လက်လွှတ်မခံဘဲ လာရောက်ကြည့်ရှုသင့်သည့် ရုပ်ရှင်ဇာတ်ကားလည်းဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင် ဝင်ရောက်သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့်လည်း ပြည်တွင်းနှင့် နိုင်ငံတကာရှိ သတင်းထူး၊ သတင်းဦးများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို www.mdn.gov.mm website နှင့် Mobile Application မှ အချိန်မရွေး အခမဲ့ ဖတ်ရှုနိုင်ကြောင်းကို ပြခန်းဖွင့်လှစ်၍ ပြပွဲလာသူများ သိရှိနိုင်စေရန် အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် "မူးယစ်ဆေးဝါး ကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့" ဆောင်ပုဒ်ဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစား ပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သော ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးပြစ်မှုပြစ်ဒဏ်များကိုပြသထားရာ ကျောင်းသားကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

*စာမျက်နှာ ၈ သို့*





# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲမြင်ကွင်း

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှစ၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ ၌ ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ပြခန်းများပြသထားမှုကို ကြည့်ရှုလေ့လာကြသူများ၏ မြင်ကွင်းပုံရိပ်ကို ဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့




ပြည်ထဲရေးဝန်ကြီးဌာနပြခန်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြခန်း




ပြန်ကြားရေးဝန်ကြီးဌာနပြခန်း



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနပြခန်း



လူငယ်နှင့် စာပေအနုပညာပြပွဲကို လာရောက်ကြည့်ရှုလေ့လာကြသည့် ဝန်ထမ်းများ၊ မိသားစုများ၊ ကျောင်းသားကျောင်းသူများနှင့် လူငယ်များကို တွေ့ရစဉ်။






သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်း




ပညာရေးဝန်ကြီးဌာနပြခန်း



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်း



ကျန်းမာရေးဝန်ကြီးဌာနပြခန်း



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြခန်း



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပြခန်း

လူငယ်နှင့် စာပေအနုပညာ ပြပွဲကို လာရောက်ကြည့်ရှု လေ့လာကြသည့် ဝန်ထမ်းများ၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ ကို တွေ့ရစဉ်။



“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှ ကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။”

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

# ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်(ဒုတိယနေ့)ပွဲစဉ်များ ဆက်လက်ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၆

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် (ဒုတိယနေ့) ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ကွာတားဖိုင်နယ်(ဒုတိယနေ့) ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း၌ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ညနေ ၅ နာရီ ခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း၊ မည်သူမဆို **အခမဲ့** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံး အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ရောဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းပြခန်း၌လည်း ပုသိမ်ထီး လက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို လက်မှုပညာရပ်တစ်ခုအနေဖြင့် ပြသပြီး ဒေသထွက်အစားအစာများဖြစ်သော ပုသိမ်ဟလဝါ၊ ခြံထွက်နွားနို့၊ ဒိန်ချဉ်၊ ငှက်ပျောကြော်နှင့် ပုသိမ်ထီးများကိုလည်း ရောင်းချခဲ့ပေးလျက်ရှိရာ လာရောက်အားပေးသူများဖြင့်လည်း စည်ကားခဲ့သည်။

အဆိုပါပွဲတော်ကြီးသို့ လာရောက်လေ့လာဆင်နွှဲကြသည့် လူငယ်များနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်အတွက်လည်း ဝန်ကြီးဌာနအသီးသီးအလိုက် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများနှင့် ပဟေဠိကစားနည်းများကို အသိပညာပေးနည်းလမ်းများ တွဲဖက်၍ ကစားစေပြီး ဆုများချီးမြှင့်သည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

**နေရာအနှံ့ချိတ်ဆွဲ**

ထို့ပြင်ပြပွဲသို့ လာရောက်ကြသူများ တစ်စုံတစ်ရာ ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါကလည်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကိုလည်း ထည့်သွင်းထားကာ ပြပွဲရေိယာအတွင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ အသိပညာပေး ဆိုင်းဘုတ်များ၊ ဗီနိုင်းများကိုလည်း နေရာအနှံ့ချိတ်ဆွဲ ဖော်ပြပေးထားသည်။

အဆိုပါ ပြပွဲအား ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့်ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

**ပါဝင်ဆင်နွှဲနိုင်**

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များသိသင့်သိထိုက်သည့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနုပညာဆိုင်ရာ အကြောင်းအရာများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပြသမည့် လူငယ်နှင့် စာပေ အနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သောကြောင့် လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - ကိုထိန်**

# လူငယ်နှင့်စာပေအနုပညာပြပွဲသို့ တက်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

လူငယ်နှင့် စာပေအနုပညာပြပွဲကို ယနေ့မှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂၃ ကျင်းပလျက်ရှိသည်။

အဆိုပါ ပွဲတော်ကြီးတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စာပေဆိုင်ရာ အကြောင်းအရာများ၊ အနုပညာရပ်ဆိုင်ရာအကြောင်းအရာများ ပါဝင်သည့် ပြခန်းပေါင်း ၆၀ ကျော် ပါဝင်ပြသထားပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်း၊ သမိုင်းဖြစ်ရပ်များကို သိရှိနိုင်စေမည့် ရုပ်ရှင်ဇာတ်ကားကောင်းများကိုလည်း ထည့်သွင်းပြသလျက်ရှိရာ စိတ်အားထက်သန်စွာ လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ရင်တွင်းခံစားချက်များကို အများပြည်သူ သိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။

**ဒေါက်တာသန်းထိုက်စိုး (ကျောင်းအုပ်ကြီး၊ အထက-(၁၆)၊ မန္တလေးတိုင်းဒေသကြီး)**

ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနကိုယ်စား အခြေခံပညာဦးစီးဌာန ရွှေလျားသိပ္ပံပြတိုက်ကို ကျောင်းသားကျောင်းသူ လူငယ်များကို လာရောက်ပြသခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သင်ရိုးညွှန်းတမ်းမှာ သင်ထားတဲ့အတိုင်း စာတွေ့လက်တွေ့ပေါင်းစပ်ခြင်း ဖြစ်ပါတယ်။ ရွှေလျားသိပ္ပံ ပြတိုက်များရဲ့ အကျိုးကျေးဇူးက ကျေးလက်နဲ့မြို့ပြရဲ့ ပညာရေးကွာဟမှုကို ကျဉ်းမြောင်းစေမှာ ဖြစ်တဲ့အတွက် အင်မတန်မှအကျိုးရှိစေပါတယ်။ စိန်ရတုပြည်ထောင်စုနေ့မှာ ပြသခြင်းနဲ့ယခုပြသခြင်းက မတူပါဘူး။ တစ်နှစ်ထက် တစ်နှစ်ဆန်းသစ်အောင်၊ မတူညီတဲ့ ရသပေးနိုင်အောင်၊ ပညာရပ်တွေကို ဖြန့်ဝေနိုင်အောင် ကြိုးစားနေပါတယ်။

အခုလိုပြပွဲတွေ နှစ်စဉ်နှစ်တိုင်းရှိဖို့ မျှော်လင့်ပါတယ်။ တစ်နှစ်ထက်တစ်နှစ်လည်း ဒီထက်ကောင်းမွန်အောင် ပြသဖို့ ရည်ရွယ်ထားပါတယ်။ စာသင်ကြားတဲ့အခါမှာ စာတွေ့နဲ့ လက်တွေ့ကို ပေါင်းစပ်လိုက်တဲ့အခါ ပိုပြီးစိတ်ဝင်စားမှုရရှိစေပါတယ်။ စာအုပ်ထဲမှာ ဖတ်ထားတဲ့စာကို အပြင်မှာ ထိတွေ့ကိုင်တွယ်ပြီး လက်တွေ့လုပ်ရတဲ့အတွက် ပိုပြီးအောင်မြင်ပါတယ်။ ဒီပြပွဲမှာဆိုရင် အခြေခံကျောင်းသားများသာမက အဆင့်မြင့်ကျောင်းသားတွေ၊ ဝန်ကြီးဌာနပေါင်းစုံက ဝန်ထမ်းတွေကို တွေ့ရတဲ့အတွက် ပညာရပ်တွေကိုလည်း ဖလှယ်လို့ရတယ်။ ဖလှယ်ခွင့်ရတဲ့အခါမှာလည်း ကိုယ်မသိသေးတဲ့ပညာတွေလည်း သိရှိခွင့်ရတဲ့အတွက် များစွာအကျိုးရှိစေပါတယ်လို့ ပြောချင်ပါတယ်။

**ဦးသိန်းထွန်းအောင် (အကြံပေး၊ Forever Group)**

ဒီပြပွဲမှာ ကြီးမြတ်သောမြန်မာရုပ်ရှင်ဇာတ်ကားကြီးရိုက်ကူးစဉ်က ဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းတွေအပါအဝင် ရုပ်ရှင်ဇာတ်ကားကို 2D စနစ်နဲ့ ပြသမှုကိုလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကား ထူးခြားမှုအနေနဲ့ ဒီဇာတ်ကားဟာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး 3D ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဇာတ်ကားမှာ မြန်မာလူမျိုးတွေရဲ့အထွတ်အမြတ်ထားတဲ့ စေတီပုထိုးတွေမှာ ရွှေသင်္ကန်းကပ်လှူတဲ့ အလှူဒါနကြီးမြတ်ပုံကို ဖော်ကျူးထားပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံး ထေရဝါဒဗုဒ္ဓဘာသာ ဘယ်လိုစတင်ပြန့်ပွားလာတယ်၊ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားလာအောင် သာသနာပြုမင်းကောင်းမင်းမြတ်တွေက ဘယ်လိုကြိုးစားပြီးတော့ အကောင်အထည်ဖော်ခဲ့တယ်ဆိုတာ ပြသသွားမှာ ဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူနဲ့လူငယ်တွေကို ဘယ်လိုစိတ်မျိုးနဲ့ မွန်မြတ်စွာ အလှူဒါနပြုကြရတယ်၊ ပထမမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်းကြီး၊ ကျန်စစ်သားမင်းကြီးတို့က ဘယ်လိုထူထောင်ခဲ့ကြရတယ်၊ အရှင်အရဟံက နေပြီး ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားလာအောင် ဘယ်လိုဆောင်ရွက်ပေးတယ်ဆိုတာကို ဇာတ်ကားမှာပြသသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားကြီးကို ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ခုနှစ်အထိ ဆက်တိုက် ဆောင်ရွက်ခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။ ၂၀၁၉ခုနှစ်မှာ ပြည်သူလူထုကို တစ်ကြိမ်ပြသပြီး ဖြစ်ပါတယ်။ အခုအချိန်မှာလည်း အနာဂတ်ရဲ့မျိုးဆက်သစ်ဖြစ်တဲ့ လူငယ်တွေကို ပြသခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးအောင်မြင့် (ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

ဒီနေ့ပြပွဲမှာ စာကြည့်တိုက်များဆိုင်ရာပြခန်း နှစ်ခန်းနဲ့ ပြတိုက်ဆိုင်ရာပြခန်း သုံးခန်း စုစုပေါင်းပြခန်း ငါးခန်း ခင်းကျင်းပြသပေးပါတယ်။ စာကြည့်တိုက်များဆိုင်ရာ ပြခန်းကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကနေ တာဝန်ယူခင်းကျင်းပါတယ်။ ဒီပြခန်းမှာ စာကြည့်တိုက်သမိုင်းကြောင်းဆိုင်ရာ အချက်အလက်တွေ၊ ပေ၊ ပုရပိုက်ဆိုင်ရာနဲ့ ပတ်သက်ပြီး ရှင်းလင်းပြသခြင်းတွေ၊ စာကြည့်တိုက် လုပ်ငန်းစဉ်တွေကို ရှင်းလင်းတင်ပြခြင်းတွေ၊ လူငယ်တွေ လေ့လာဖတ်ရှုနိုင်ဖို့ စာအုပ်တွေ ပြသထားတဲ့ ပြခန်းတွေ ပါဝင်ပါတယ်။ နောက်ပြီး ရှေးတုန်းက စာသင်ကျောင်းတွေမှာ အသုံးပြုခဲ့တဲ့ ကျောက်သင်ပုန်းအကြီးပေါ်မှာ နမူနာရေးသားလို့ရအောင် ပြုလုပ်ပေးထားတဲ့ ပြကွက်လေးလည်း ပါဝင်ပါတယ်။ ပြတိုက်ဘက်မှာတော့ မြန်မာစာပေအရေးအသားဖြစ်ပေါ်လာပုံ အဆင့်ဆင့်ပြခန်းကို အဓိကထားပြသထားပါတယ်။ ကျောက်စာကနေမင်စာ၊ ပေစာ၊ ပုရပိုက်စာစတဲ့စာပေအရေးအသားအဆင့်ဆင့်ကိုလည်း ခင်းကျင်းပြသထားပါတယ်။



ဒေါက်တာသန်းထိုက်စိုး



ဦးအောင်မြင့်



ဒေါက်တာနေမျိုးထွန်း



ကပ္ပတိန်ကျော်ကျော်ဝင်း



ဒုတိယရဲမှူးကြီး ဇော်ဌေးဦး



မယွန်းဝတီဖြိုး

ဒီပြပွဲမှာ ကျွန်တော်တို့က စာပေကို အဓိကထားပြသပါတယ်။ လူငယ်တွေ စာဖတ်တဲ့ဓလေ့ကို မြတ်နိုးတန်ဖိုးထားတတ်စေဖို့ ရည်ရွယ်ပြသခြင်းဖြစ်တဲ့အတွက် လာရောက်လေ့လာမယ်ဆိုရင် အကျိုးကျေးဇူးရရှိစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့စာပေရဲ့ သမိုင်းကြောင်းကို သိရှိပြီး ကိုယ့်စာပေအပေါ်မှာ မြတ်နိုးတန်ဖိုးထား လာနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒီပြပွဲဟာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုတဲ့ပွဲလည်းဖြစ်ပါတယ်။ အဓိပ္ပာယ်တွေ လေးနက်ပြည့်စုံနေတဲ့ အခမ်းအနားတစ်ခုလည်း ဖြစ်ပါတယ်။

**ဒေါက်တာနေမျိုးထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**

ဒီပြပွဲမှာ ဝန်ကြီးဌာနအနေနဲ့ သိပ္ပံနဲ့နည်းပညာဆိုင်ရာ အင်ဂျင်နီယာပညာရှင်တွေ၊ ကွန်ပျူတာပညာရှင်တွေ၊ အသိပညာ၊ အတတ်ပညာရှင်တွေ ဘယ်လိုမွေးထုတ်ပေးနေတယ်ဆိုတာကို သိစေလိုခြင်းဖြစ်ပါတယ်။ ဒီလိုပညာရပ်တွေကို လေ့လာသင်ယူလို့ရတဲ့ နည်းပညာနယ်ပယ်တွေရှိတယ်ဆိုတာကို ပြသချင်တဲ့အတွက် ပါဝင်ခင်းကျင်းပြသခြင်းဖြစ်ပါတယ်။ ပြခန်းအမျိုးအစားအားလုံးပေါင်း ၁၈ ခန်းရှိပြီး ပြကွက်ပေါင်း ၃၁ ခုရှိပါတယ်။

ကျောင်းသားလူငယ်တွေကို တစ်ချိန်မှာ ပညာရှင်တွေ ဖြစ်လာဖို့ဘယ်လိုဘာသာရပ်နယ်ပယ်တွေကို လေ့လာသင်ယူလို့ရသလဲဆိုတာကို တစ်ဆင့်ချင်းရှင်းလင်းပြသသွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အင်ဂျင်နီယာပညာရှင်၊ ကွန်ပျူတာပညာရှင်တွေနဲ့ ပါရဂူဘွဲ့တွေအထိ မွေးထုတ်ပေးနေတဲ့အတွက် ကျွန်တော်တို့ ပြခန်းတွေကို လာရောက် လေ့လာစေချင်ပါတယ်။ လူငယ်တွေ သိသင့်သိထိုက်ပြီး အနာဂတ်မှာ ပညာရှင်တွေ ဖြစ်လာဖို့ ဘယ်လိုမွေးထုတ်ပေးနေတယ်ဆိုတာကို စိတ်ဝင်တစား လာရောက်လေ့လာစေချင်ပါတယ်။

**ကပ္ပတိန်ကျော်ကျော်ဝင်း (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြခန်း ရှစ်ခု ပါဝင်ပြသပါတယ်။ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒီပြပွဲမှာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှာရှိနေတဲ့ လေ့ကျင့်ရေးပစ္စည်းတွေ၊ ကုန်သွယ်ရေကြောင်းမှာ သွားလာနေတဲ့ သင်္ဘောတွေရဲ့ပုံစံတွေကို ပြသခြင်းအားဖြင့် လာရောက်လေ့လာတဲ့ လူငယ်တွေအနေနဲ့ ရေကြောင်းကဏ္ဍကို စိတ်ပါဝင်စားမှု ပိုမိုရှိလာမယ်လို့ ယုံကြည်ပါတယ်။ ဒီနှစ် ထူးခြားမှုအနေနဲ့က တကယ်သင်္ဘောပေါ်မှာ လှိုင်းတွေ လှုပ်တဲ့ပုံစံမျိုးတီထွင်ပြသထားပါတယ်။ ဒီလိုပြပွဲကျင်းပပေးတဲ့အတွက် ရေကြောင်းကဏ္ဍကိုပိုမိုစိတ်ဝင်စားစေပြီး မြန်မာနိုင်ငံရေကြောင်းကုန်သွယ်ရေးဌာနမှာ ထူးချွန်ထက်မြက်တဲ့ရေကြောင်းပညာရှင်တွေထွက်ပေါ်လာစေမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုပြပွဲကျင်းပပေးတဲ့အတွက် လူငယ်တွေအနေနဲ့ အသိပညာ၊ ဗဟုသုတတွေကြွယ်ဝလာစေပြီး ကဏ္ဍပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာစေမယ်လို့ ထင်ပါတယ်။

**ဒုတိယရဲမှူးကြီး ဇော်ဌေးဦး(ပြည်ထဲရေးဝန်ကြီးဌာန)**

ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ ပြခန်း လေးခန်းပြသသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန် ၄ ရပ်ဖြစ်တဲ့ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ၄ ရပ်ကို ဖော်ကျူးထားတဲ့ ပြခန်း လေးခန်း ဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေက နောင်တစ်ချိန်မှာ အနာဂတ်ရဲ့ မျိုးဆက်သစ်တွေ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့မှာ ပြသထားတဲ့ ပြခန်းလေ့လာကြည့်ခြင်းအားဖြင့် ဗဟုသုတတွေများစွာရရှိပြီး အနာဂတ်အတွက်လည်း အထောက်အကူရရှိစေမှာ ဖြစ်ပါတယ်။

**မယွန်းဝတီဖြိုး (ကျောင်းသူ၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်)**

သမီးအနေနဲ့ပြခန်းတွေ အကုန်နီးပါးလေ့လာပြီးပါပြီ။ ပြခန်းတွေ အများကြီးထဲမှာ ရေကြောင်းပြခန်းကို ပိုပြီးစိတ်ဝင်စားပါတယ်။ အခုလိုရေကြောင်းပြခန်းတွေ ပြသပေးတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း အားတက်စေပါတယ်။ ကိုယ်လည်း ဒီလို ကြိုးစားမယ်ဆိုတဲ့စိတ် ဖြစ်ပေါ်ပါတယ်။ သမီးဘဝအတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိစေပါတယ်။ ဒီလိုပြခန်းတွေက ကိုယ့်နိုင်ငံမှာ တကယ်ရှိနေတယ်ဆိုတဲ့အတွက်ကြောင့် အသက်ဝင်ပြီး စိတ်အားတက်ကြွစေပါတယ်။ ဒီပြပွဲနဲ့ပတ်သက်ပြီး ကိုယ့်အတွက်အမှန်တကယ် အထောက်အကူပြုစေလို့ အားလုံးကိုလည်း လာရောက်ကြည့်ရှုစေချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ - ကိုထိန်**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## အသိပေးနှိုးဆော်ချက်

(၇၅) နှစ်မြောက်၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ ဝ၄:၂ဝ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ်သူဆရာဆရာမများအား ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက ဖျော်ဖြေတင်ဆက်





နေပြည်တော် ဒီဇင်ဘာ ၂၆

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် စာလုံးစာသားနှင့် ပုံရိပ်များကို သရုပ်ဖော်ပြသကြမည့် နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၁၀၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမများ အပန်းပြေပျော်ရွှင်စေရေးအတွက် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက ယနေ့ညနေပိုင်းတွင် ၎င်းတို့တည်းခိုရာ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်များသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **သတင်းစဉ်**

# စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းများအား အသိပညာပေး၊ CNG ပိတ်သိမ်းအရေးယူခံခဲ့ရသည့် ယာဉ်အစီးရေ ၅၈၀ အထိရှိ

တာမွေ ဒီဇင်ဘာ ၂၆

**ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းမကြီးပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ရုံး၌ YBS ယာဉ်လိုင်းများမှ စည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေးပွဲ အမှတ်စဉ် (၁/၂၀၂၂) ကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။**



အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကို က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက နိုင်ငံတကာတွင် ယာဉ်မောင်းများ မောင်းနှင်နေသည့် အခြေအနေ၊ ယာဉ်မောင်းများ စိတ်ဓာတ်ရေးရာ ပြင်ဆင်ပြောင်းလဲရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ယာဉ်မောင်းကောင်း တစ်ယောက်ဖြစ်ရေး လုပ်ဆောင်ရန် အချက်များ၊ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ပြီး လေးစားလိုက်နာသည့် ယာဉ်မောင်းကောင်း တစ်ဦးဖြစ်ရန် လိုက်နာ/သိရှိသင့်သည့် အချက်များ၊ ယာဉ်တိုက်မှုဖြစ်စဉ် ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်ဆက်နွယ်နေသည့် ရာဇသတ်ကြီးပုဒ်မများ၊ YBS ယာဉ်မောင်းများ အများဆုံး စည်းကမ်းဖောက်ဖျက်လေ့ရှိသည့် ပြစ်မှုများအပေါ် သုံးသပ်ပြီး လိုက်နာသင့်သည့် အချက်များ၊ ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်းဆိုင်ရာ မဖြစ်မနေ လိုက်နာရမည့် အချက်များနှင့်ပတ်သက်၍ အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော YBS ယာဉ်မောင်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

"ဒီဆွေးနွေးပွဲကတော့ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေတဲ့ YBS ယာဉ်မောင်းတွေအနေနဲ့ ယာဉ်လမ်းအန္တရာယ်နဲ့ ပတ်သက်ပြီး ဘေးကင်းလုံခြုံစွာ မောင်းနှင်ဖို့ရယ်၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိတဲ့ ယာဉ်မောင်းတွေ ဖြစ်ဖို့ရယ်၊ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူတွေကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်တဲ့ ဘတ်စ်ကား ဝန်ဆောင်မှုတစ်ခု ဖြစ်လာစေဖို့အတွက် ပြုလုပ်တာ ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလို့ ပြောတဲ့နေရာမှာ ကျွန်တော်တို့ ယာဉ်မောင်းတဲ့သူတွေက ယာဉ်စည်းကမ်းကို တိတိကျကျ လိုက်နာရုံနဲ့ မရပါဘူး။ လမ်းအသုံးပြုသူတွေ အားလုံးကလည်း လမ်းစည်းကမ်းကို တိတိကျကျ လိုက်နာမှသာ ယာဉ်လမ်းအန္တရာယ် ကင်းရှင်းတဲ့ သယ်ယူပို့ဆောင်ရေးစနစ် တစ်ခုဖြစ်လာနိုင်မှာပါ" ဟု YBS ယာဉ်မောင်း တစ်ဦးက ဆိုသည်။

ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် YBS ယာဉ်လိုင်းများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များဖြင့် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ CNG ပိတ်သိမ်းအရေးယူခံခဲ့ရသည့် ယာဉ်အစီးရေ ၅၈၀ အထိရှိကြောင်း YRTC မှ သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဂေါက်သီးရိုက်(အမျိုးသား) ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၆

**၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဂေါက်သီးရိုက် (အမျိုးသား) ပြိုင်ပွဲ (တတိယနေ့) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**



ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းက **တစ်ဦးချင်း (အကျောပေး)** ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချစ်ရင်ထူး (ပဲခူးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသည့် ကျော်နိုင်ဦး (ရှမ်းပြည်နယ်) နှင့် တတိယဆုရရှိသည့် အောင်မျိုးထွန်း (တနင်္သာရီ တိုင်းဒေသကြီး) တို့ကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက **တစ်ဦးချင်း (အကျောမဲ့)** ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကောင်းထိုက်ဇော် (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသည့် ဆိုင်းဒူ (ကချင်ပြည်နယ်) နှင့် တတိယဆုရရှိသည့် နေသူရိန်မင်း (မကွေးတိုင်းဒေသကြီး) တို့ကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက **အသင်းလိုက် (အကျောပေး)** ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး အသင်းတို့ကို လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က **အသင်းလိုက် (အကျောမဲ့)** ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ကို လည်းကောင်း တစ်ဦးချင်းဆုဆွဲပြား၊ ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က တံခွန်စိုက် ဆုဖလား ရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်)ဂေါက်သီးရိုက် (အမျိုးသား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း (၁၅) သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဂေါက်သီးရိုက် အားကစားနည်း ပိုမိုတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဂေါက်သီးရိုက် အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး သတ်မှတ်အချိန်မီပြီးစီးရေး ပူးပေါင်းဆောင်ရွက်သွားကြရန်လို

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်မီ ပြီးစီးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



ထိုသို့တွေ့ဆုံစဉ် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်သူ့အငှား အိမ်ရာစီမံကိန်း၏ ရည်ရွယ်ချက်၊ လျာထားချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အဆောက်အဦ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူးက ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်တို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တက်ရောက်လာကြသူများက ပြည်သူ့အငှားအိမ်ရာ စီမံကိန်း လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အငှားအိမ်ရာစီမံကိန်း၊ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းတို့ကို အပိုင်းလိုက်ပြီးစီးစေရေး ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအိမ်ရာစီမံကိန်းသည် ရန်ကုန်မြို့၏ အဓိကကျသော အမှတ်(၂) လမ်းမကြီးနှင့် အမှတ် (၇)လမ်းမကြီးကြား အချက်အချာကျသည့် နေရာတွင် တည်ရှိသည့်အတွက် နောင်တစ်ချိန် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများသွားလာနေထိုင်ရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူ့အတွက် ဆောင်ရွက်သည့်စီမံကိန်းဖြစ်၍ အခက်အခဲရှိသော်လည်း အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ ပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန် ယခုအိမ်ရာစီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး အိမ်ရာစီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေး စီမံကိန်းသည် ပထမအဆင့်အနေဖြင့် အဆောက်အဦ ၁၉၄ လုံး၊ အိမ်ခန်းပေါင်း ၃၁၀၄ ခန်း ရှိသည့်အနက် အဆောက်အဦ ၁၂၂ လုံး၊ အိမ်ခန်းပေါင်း ၁၉၃၆ ခန်းကို ၂၀၂၃ ခုနှစ် မတ်လတွင် ပြီးစီးအောင် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်အဆောက်အဦ ၇၃ လုံး၊ အိမ်ခန်းပေါင်း ၁၁၆၈ ခန်းကိုလည်း အပိုင်းလိုက် ပြီးစီးအောင် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ် (၇) လမ်းမကြီး (မြို့ပတ်လမ်း) ၂၄ ပေအကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ စိန်မြဓမ္မသာလာကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိမောင်းထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြောက်ဥယျာဉ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာခုကန်ပရိယတ္တိ စာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မဏိရတနာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# တိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ထားဝယ် ဒီဇင်ဘာ ၂၆

**တနင်္သာရီတိုင်းဒေသကြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိုင်းဒေသကြီး အဆင့် အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပသည်။**

ဦးစွာ(အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် သရက်ချောင်းမြို့နယ်အသင်းနှင့် ထားဝယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ တစ်ဖက်တစ်ဂိုးစီ သရေရရှိပြီး ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် သရက်ချောင်းမြို့နယ်အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက်၊ တစ်ဦးချင်း ဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး စောမာတင်လှုသာက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် သရက်ချောင်းမြို့နယ်အသင်းနှင့် ပထမဆုရရှိသည့် ထားဝယ်မြို့နယ် အသင်းအား လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ကျော်က အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် သရက်ချောင်း




မြို့နယ်အသင်းနှင့် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းလင်းက အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် ထားဝယ်မြို့နယ် အသင်းနှင့် ပထမဆုရရှိသည့် ရေဖြူမြို့နယ်အသင်းတို့အား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းနှင့် ပထမဆုရရှိသည့် သရက်ချောင်းမြို့နယ် အသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက (ဝဲပုံ) အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများတွင် ပထမဆုရရှိသည့် အသင်းများအား တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



❋ *ကျောဖုံးမှ*

ပန်းပွဲတော်ကာလ နေ့ရက်များအတိုင်း ကျင်းပလျက်ရှိပြီး ဒေသထုတ်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ပန်းမန်များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ "Blooming Fantasy" ပန်းပွဲတော်တွင် ပြည်နယ်အရပ်ရပ်မှ ပန်းပေါင်းစုံမျိုးစိတ်များ၊ နိုင်ငံခြားပန်းမျိုးစိတ်များ၊ ရှားပါးတန်းဝင် အဖိုးတန်ပန်းမျိုးစိတ်များ၊ ဒေသထွက်ပန်းများကို ဇုန်အလိုက် ခင်းကျင်းပြသလျက်ရှိပြီး တေးသံရှင်များ၏ Music Show အစီအစဉ်များ၊ Unplugged Music Band ၏ ဖျော်ဖြေမှုများနှင့် ခရစ္စမတ်အစီအစဉ်ကောင်းများစွာ ထည့်သွင်းကျင်းပမှုကြောင့် လာရောက်လည်ပတ်သူ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ဖြူလူသစ် (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

စပါးအသင်းသည် ၂၀၀၃ ခုနှစ်က ပို့စ်မောက်အသင်းအား နှစ်ဂိုးပြတ်ရှုံးနိမ့်ပြီး နောက်ပိုင်း ဒီဇင်ဘာ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားသည့် လိဂ် ၁၅ ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ၁၂ ပွဲနိုင်ပြီး သုံးပွဲသရေကျထားသည်။

ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် အသင်းဖော်နော်ဂတ်၏ ဖန်တီးမှုကို အီဗန်တိုနေ အပိုင်ပိတ် သွင်းယူနိုင်ခဲ့သည့်အတွက် ဘရန့်ဖို့ဒ်အသင်း ဒုတိယဂိုးရရှိခဲ့သည်။ ထို့နောက် စပါးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် ရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဟယ်ရီကိန်း ခေါင်းတိုက် အဆုံးသတ် နိုင်ခဲ့သည်။ စပါးအသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ရရှိခဲ့ပြီး ဟိုးဘတ်က သွင်းယူပေးခဲ့သည်။ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးရရှိခဲ့ခြင်း မရှိ၍ တစ်ဖက်နှစ်ဂိုးစီ ပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်များတွင် နယူးကာဆယ်က လက်စတာကို သုံးဂိုး-ဂိုးမရှိ၊ ဘရိုက်တန်က ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က ပဲလေ့စ်ကို သုံးဂိုး-ဂိုးမရှိ၊ ဝုလ်ဗ်က အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ **အောင်ဇော်**

❍ *ကျောဖုံးမှ*

ယူအေအီး၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (င) တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ အီရတ်၊ အုပ်စု (စ) တွင် မြန်မာ၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု (ဆ) တွင် ဖိလစ်ပိုင်၊ လက်ဘနွန်၊ ဂူအမ်၊ အုပ်စု (ဇ) တွင် အီရန်၊ ဂျော်ဒန်နှင့် နီပေါအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းပါဝင်သော အုပ်စု (စ) ပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအဖြစ် ဇွန် ၁၄ ရက်တွင် ကာဂျစ္စတန်နှင့် မြန်မာ၊ ဇွန် ၁၆ ရက်တွင် ကာဂျစ္စတန်နှင့် အိန္ဒိယ၊ ဇွန် ၂၈ ရက်တွင် မြန်မာနှင့် အိန္ဒိယအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲ၌ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံသည် ပြိုင်ပွဲအတွေ့အကြုံရစေရန် ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယင်းအသင်း ရလဒ်ကို ထည့်သွင်းတွက်ချက်မည်မဟုတ်ကြောင်း သိရသည်။

ခြေစစ်ပွဲကို အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်မှ ၃၀ ရက်၊ ဒုတိယအဆင့်ခြေစစ်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အင်ဒိုနီးရှား၊ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲတွင် ချန်ပီယံဆုရ ဂျပန်အသင်း၊ ဒုတိယဆုရ မြောက်ကိုရီးယားအသင်း၊ တတိယဆုရ တရုတ်အသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သည်။

**ရဲရင့်လွင်**

## မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရေး တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ မဲစာရင်းများ ပြုစုရာ၌ ပြည့်စုံမှန်ကန်စေရန် လူဦးရေစာရင်းများ အပြန်အလှန် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးသန်းအောင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ မေလအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ရရှိလာသည့် စာရင်းများအပေါ်တွင် အခြေခံ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်း၍ လစဉ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကချင်ပြည်နယ် ၁၈ မြို့နယ်အတွင်းရှိ ဥပဒေနှင့်အညီ နေထိုင်သည့် လူဦးရေစာရင်းကို မြို့နယ်တစ်ခုနှင့် တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross Check) ဆောင်ရွက်ခဲ့ရာ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်၊ ငါးကြိမ်နှင့်အထက် ထပ်နေသည့်လူစာရင်းများ ရှိနေကြောင်း၊ အဆိုပါထပ်နေသည့်စာရင်းများကို သက်ဆိုင်ရာဌာနက ဥပဒေနှင့်အညီ ပြင်ဆင်တည့်မတ်ပေးရန် လိုအပ်ကြောင်းနှင့် မဲစာရင်းများ မှန်ကန်စေရေးအတွက် ဌာနများက ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးမျိုးမင်းဦးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းနှင့် တာဝန်ရှိသူများက မဲစာရင်းများ မှန်ကန်စေရေး လူဦးရေစာရင်းများ အပြန်အလှန်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်နယ်/ခရိုင်/ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြည်နယ်တာဝန်ခံ ဦးသန်းအောင်ကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) တိုင်းရင်းသားပေါင်းစုံ ခရစ်ယာန်ဘာသာဝင်များက ခရစ်တော်မွေးနေ့တော်မြတ်အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တိုင်းရင်းသားပေါင်းစုံ ခရစ်ယာန်ဘာသာဝင်များက ခရစ်တော်မွေးနေ့တော်မြတ် အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်းအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၂၀/၂၂)အလံပြဘုရားလမ်းရှိ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။




### ဧည့်သည်တော်များ တက်ရောက်

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရစ်ယာန်အသင်းတော်များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ သိက္ခာတော်ရဆရာ ဦးအောင်မင်းက ကောင်းချီးတောင်းခံခြင်း အစီအစဉ်ကို ဆောင်ရွက်ပြီး မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်မှ ဓမ္မသံစုံ သီချင်း(ကွာယာ)ဖြင့် သီဆိုဆုတောင်းကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းကကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင် က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာ ဒေါက်တာ ဦးညွန့်လှ၊ သိက္ခာတော်ရဆရာ ဦးခင်မောင်လွင်တို့က အထူးဆုတောင်းခြင်းနှင့် မွေးနေ့တော် ဒေသနာ ဟောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင် မိတ်သဟာယအဖွဲ့(ခဝဲခြ)၊ တရုတ်ဇေ ဂေလိကျမ်းစာ ကျောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့တို့မှ ဓမ္မသံစုံသီချင်းများဖြင့် သီဆိုကြသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးအဖွဲ့(ဗဟို)နာယက ဦးမြင့်သန်းက ကျေးဇူးတင် စကား ပြောကြားသည်။

ဆက်လက်၍ ဧည့်ပရိသတ်များက “ယေရှုကြွလာတော်မူကျူး”ဓမ္မသီချင်းဖြင့် သီဆိုဆုတောင်းကြပြီး မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ်မှ Bishop ဦးချစ်ညွန့်က ပဌနာတော် ဆုတောင်းခြင်းနှင့် ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်သည်။

### ခရစ္စမတ်လက်ဆောင်များ ပေးအပ်

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများအား ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဦးစီးနာယက၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းက လည်းကောင်း၊ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ဝင်း တို့က ခရစ္စမတ်လက်ဆောင်များကို ပေးအပ်ကြပြီး မိတ်သဟာယ ညစာစားပွဲကျင်းပခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းပညာရေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းပညာရေး တက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနား ပထမပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်က မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစည်းကမ်း၊ အဆောင်စည်းကမ်းများ လိုက်နာကြရန်၊ ကျန်းမာရေးဂရုစိုက်ရန်၊ စာကြည့်တိုက်၌ သင်ကြားရေးနှင့် ပတ်သက်သော သင်ခန်းစာများကို လေ့လာဆည်းပူး၍ မိမိသင်တန်း အတွက် ထိရောက်အောင်ကြိုးစား သင်ယူကြရန် လိုအပ်ကြောင်းနှင့် အတ္တကို ရှေ့တန်းမတင်ဘဲ အနာဂတ်တွင် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးစားကြရန် ဆုံးမသြဝါဒစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်(သင်တန်း) ဆရာမကြီး ဒေါက်တာ စန်းစန်းလွင်၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာမကြီး ဒေါက်တာခင်နှင်းရည် တို့က ဆုံးမသြဝါဒစကား ပြောကြားကြပြီး ပညာရေးဘာသာရပ်များ ကိုယ်စားပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဇင်နွယ်သန်း၊ ဝိဇ္ဇာဘာသာရပ်များကိုယ်စား မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ မောင်မောင်ဆွေ၊ သိပ္ပံဘာသာရပ်များကိုယ်စား ဇီဝဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ နန်းအေးအေးရှိန်တို့က မိတ်ဆက်စကားများ ပြောကြားကြသည်။

ထို့နောက် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ဆုရရှိခဲ့သော စစ်ကိုင်းပညာရေး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးဦးကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် World Tourism Day အထိမ်းအမှတ် အင်္ဂလိပ်ဘာသာ စာစီစာကုံးပြိုင်ပွဲနှင့် ဂျပန်နိုင်ငံ Cabinet က ကြီးမှူး၍ SSEAYP Youth Conference 2022 ပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသားတစ်ဦးကို ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ မြတ်မြတ်သော် က ဂုဏ်ပြုဆု ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ သင်တန်းနှစ် အသီးသီးမှ ကျောင်းသား ကျောင်းသူများက တေးဂီတ၊ အကအလှများဖြင့် ဖျော်ဖြေသည်။ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ စီမံအရာရှိကြီးများနှင့် ကျောင်းသား ကျောင်းသူ ၉၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ရန်ကုန်-ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှု”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဒီးဒုတ်ခင်ကျေးရွာ လူသတ်မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပလက်ဝမြို့နယ် အဘောင်သားကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများအား နေရပ်ပြန်ရန်ကူညီပို့ဆောင်ပေး

**ပလက်ဝ ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ် ပလက်ဝမြို့နယ် အဘောင်သားကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများသည် ဒီဇင်ဘာ ၂၆ ရက်က ဆိုင်ကလုန်းစင်တာ ယာယီခိုလှုံစခန်းမှ နေရပ်သို့ပြန်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တိုက်ပွဲရှောင် ပြည်သူများသည် အိမ်ထောင်စု ၁၀၁ စု၊ အမျိုးသား ၂၁၇ ဦး၊ အမျိုးသမီး ၂၂၈ ဦး စုစုပေါင်း ၄၄၅ ဦးရှိသည့် ဆိုင်ကလုန်းစင်တာ၊ ယာယီခိုလှုံစခန်းသို့ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးချုပ် စိုးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သွားရောက်အားပေးစကား ပြောကြားသည်။

ယင်းသို့ တိုက်ပွဲရှောင်ပြည်သူများအား အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးချုပ် စိုးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးအောင်သူမြင့်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်အရာရှိ၊ စစ်သည်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိ/မြို့ဖများက တိုက်ပွဲရှောင်ပြည်သူများ နေထိုင်သည့် ဆိုင်ကလုန်းစင်တာ ယာယီခိုလှုံစခန်းမှ စက်လှေဆိပ်သို့ လိုက်လံကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယီမင်နိုင်ငံ၌ လောင်စာဆီပြတ်လပ်မှုကြောင့် တိုက်ဇ်ပြည်နယ်ရှိ အကြီးဆုံးဆေးရုံကြီး ပိတ်လိုက်ရ

**အေဒင် ဒီဇင်ဘာ ၂၆**

လောင်စာဆီပြတ်လပ်မှုကြောင့် ယီမင်နိုင်ငံ အနောက်တောင်ပိုင်း တိုက်ဇ်ပြည်နယ်အတွင်းရှိ အကြီးဆုံးဆေးရုံကြီးတစ်ခုကို ဒီဇင်ဘာ ၂၅ ရက်က ပိတ်ခဲ့ရပြီး စစ်ဘေးသင့်အာရပ်နိုင်ငံအတွင်း လူနာပေါင်း ထောင်နှင့်ချီ၍ ထိခိုက်ခဲ့ရကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ဆင်ဟွာသို့ ပြောကြားသည်။

လောင်စာဆီ အကျပ်အတည်းဖြစ်ပေါ်ပြီးနောက် ကျောက်ကပ် လူနာများကို ကုသရာ အထူးပြုစင်တာတစ်ခုအပါအဝင် အယ်လ်သော်ရာ အထွေထွေဆေးရုံမှ ဆေးခန်းအားလုံးကို ပိတ်လိုက်ရကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ တိုက်ဇ်ပြည်နယ်၌ အကြီးဆုံးဖြစ်သည့် အဆိုပါဆေးရုံမှာ လူဦးရေသိပ်သည်းထူထပ်သည့်မြို့ရှိ ထောင်နှင့်ချီသည့်လူနာများကို ဝန်ဆောင်ကုသပေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ**





## ၂၀၂၃ ခုနှစ် ဘတ်ဂျက်ဥပဒေကို အယ်လ်ဂျီးရီးယားသမ္မတ လက်မှတ်ရေးထိုး

**အယ်လ်ဂျီးယား ဒီဇင်ဘာ ၂၆**

အယ်လ်ဂျီးရီးယားသမ္မတ အက်ဒဲမက်ဂျစ် တဲဘော်နီသည် အယ်လ်ဂျီးရီးယားနိုင်ငံ မြို့တော် အယ်လ်ဂျီးယား၌ ၂၀၂၃ ခုနှစ် ဘတ်ဂျက်ဥပဒေကို ဒီဇင်ဘာ ၂၅ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း တရားဝင် အေပီအက်စ် သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

အဆိုပါဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ရည်ရွယ်သည့်အစီအမံများ ပါဝင်ပြီး ယခုလအစောပိုင်းက လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါဥပဒေတွင် ရေနံတစ်စည်လျှင် ရည်ညွှန်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆၀ နှင့် ဈေးကွက်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၇၀ သတ်မှတ်ထားကြောင်း အေပီအက်စ်က ထုတ်ပြန်ထားသည်။

လာမည့်နှစ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံ၏ စီးပွားရေးသည် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်လာရန် ခန့်မှန်းထားပြီး နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅ ဒသမ ၁ ရာခိုင်နှုန်း ဝန်းကျင်ဖြစ်ရန် ခန့်မှန်းထားကြောင်း အဆိုပါဥပဒေအရ သိရသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံတောင်ပိုင်း ဒေသအနှံ့အပြား၌ နှင်းမုန်တိုင်းကျဆင်းမှုနှင့်အတူ မိုးရွာသွန်းမှုဖြစ်ပေါ်နိုင်

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံတောင်ပိုင်း ဒေသအနှံ့အပြား၌ တနင်္လာနေ့မှ ကြာသပတေးနေ့အထိ နှင်းမုန်တိုင်းကျဆင်းမှုနှင့်အတူ မိုးရွာသွန်းမှုဖြစ်ပေါ်နိုင်ကြောင်း ဒီဇင်ဘာ ၂၆ ရက်တွင် အမျိုးသားစောင့်ကြည့်ရေးဌာနက ပြောသည်။

အမျိုးသားမိုးလေဝသစင်တာ၏ ပြောကြားချက်အရ ကွေ့ကျိုး၊ ဟူနန်၊ ချုံချင့်၊ ဟူဘေးနှင့် တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အများအပြားတွင် အင်္ဂါနေ့မှ ဗုဒ္ဓဟူးနေ့အထိ နှင်းမုန်တိုင်းကျရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။ အချို့နေရာဒေသများတွင် နှင်းထု ၁၂ စင်တီမီတာမှ ၁၆ စင်တီမီတာအထိ ကျဆင်းနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ထို့ပြင် စီချွမ်း၊ ယူနန်၊ ဟူနန်၊ ရှီးရှန်း၊ ရှီးကျန်း၊ ဖူကျန်း၊ ကွမ်ရှီးနှင့် ကွမ်တုံ စသည့်ဒေသများတွင် မိုးရွာသွန်းမှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားလေတပ်မှ လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား

**ဆိုးလ် ဒီဇင်ဘာ ၂၆**

တောင်ကိုရီးယား လေတပ်မှ လေယာဉ် တစ်စင်းသည် နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် ပျက်ကျမှုဖြစ်ပွားခဲ့ပြီး လေယာဉ်မှူး နှစ်ဦးမှာ လေယာဉ်မှ အန္တရာယ်ကင်းစွာ ခုန်ထွက်နိုင်ခဲ့ကြောင်း ယွန်ဟပ် သတင်းအေဂျင်စီက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။

KA-1 အပေါ့စားတိုက်ခိုက်ရေး လေယာဉ်ဟု ယူဆရသည့် အဆိုပါ လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် မြို့တော်ဆိုးလ်၏ အရှေ့ဘက် ၁၄၀ ကီလိုမီတာ ခန့်အကွာ ဟွမ်ဆောင်းဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လေယာဉ်ပျက်ကျပြီးနောက် အန္တရာယ်ကင်းစွာ ခုန်ထွက်နိုင်ခဲ့သည့် လေယာဉ်မှူး နှစ်ဦးကို အနီးအနားရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



ယင်းလေယာဉ်သည် လယ်ကွင်းတစ်ခုထဲသို့ ပျက်ကျခဲ့ခြင်း ဖြစ်ပြီး အရပ်သား ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို တိတိကျကျ သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း စစ်ဘက်အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံးပြီး အခြား ၁၉ ဦး ပျောက်ဆုံးနေ



ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုမြောက်ပိုင်း၌ ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်။

**မနီလာ ဒီဇင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ ရက်သတ္တပတ်အတွင်း ဒေသအများအပြား၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံးကာ အခြား ၁၉ ဦး ပျောက်ဆုံးနေကြောင်း ဒီဇင်ဘာ ၂၆ ရက်တွင် အစိုးရက ပြောသည်။

သေဆုံးသူများမှာ လူဇွန်ကျွန်းရှိ ဘီကိုလ်ဒေသမှ သေဆုံးသူ နှစ်ဦးနှင့် နိုင်ငံတောင်ပိုင်း မင်ဒါနာအို မြောက်ပိုင်းမှ သေဆုံးသူ လေးဦးဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ် လျှော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီ (အင်န်ဒီအာရ်အာရ်အမ်စီ) က ပြောသည်။ ပျောက်ဆုံးနေသူများတွင် ဘီကိုလ်ဒေသမှ ၁၀ ဦး ပါဝင်ပြီး အခြား သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ ဒေသငါးခု အဓိကအားဖြင့် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ လူပေါင်း တစ်သိန်းကျော် ရေဘေးသင့်ခဲ့ပြီး လူပေါင်း ၄၅၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်ဟု ဆိုသည်။ ရေကြီးရေလျှံမှုကြောင့် အိုးအိမ် ၅၀ ခန့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုနှင့်အတူ မိုးနှင့်ဆက်စပ်သော မြေပြိုကျမှုများ ဖြစ်နိုင်ဖွယ်ရှိသောကြောင့် မိုးလေဝသ ဗျူရိုက အသက်အန္တရာယ်နှင့် စည်းစိမ်ဥစ္စာများကို ကာကွယ်ရန်အတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ထားရှိရန် ပြည်သူများနှင့် အစိုးရအေဂျင်စီများကို တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်းရှိ

(၂၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၄,၄၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၁) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံတော်လွတ်လပ်ရေးနှင့် စာပေဗိမာန်၏ အခန်းကဏ္ဍ

**စိုးနိုင်ထွန်း (စာပေဗိမာန်)**

မိဘတို့၏မေတ္တာတရားကို မည်မျှပင် နားလည်သည်ဆိုစေကာမူ ကိုယ်ကိုယ်တိုင် မိဘနေရာမရောက်သေးသရွေ့ အပြည့်အဝနားလည်နိုင်မည်မဟုတ်ပေ။ ထို့အတူ မလွတ်လပ်ခြင်း၊ အခြားတိုင်းတစ်ပါးသား၏ စိုးမိုးချုပ်ချယ်၊ ကိုလိုနီပြုခြင်းဆိုးကျိုးကို မည်မျှပင် ကိုယ်ချင်းစာ၍ နားလည်သဘောပေါက်သည်ဆိုစေကာမူ ကိုယ်ကိုယ်တိုင် ထိုကဲ့သို့ ကိုလိုနီပြု စိုးမိုးခြင်းအောက်တွင်မရောက်ခဲ့ဘဲ ဂဃနဏ သိရှိခံစားနားလည်ပေးနိုင်မည်မဟုတ်ပေ။

ယခု ကျွန်ုပ်တို့နိုင်ငံတွင် မှီတင်းနေထိုင်နေကြသူအများစုမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှ မွေးဖွားလာကြသူများဖြစ်သည်။ ကိုလိုနီလက်အောက်ခံဘဝကို ကြုံတွေ့ခဲ့ရသူအနည်းငယ်သာရှိသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မွေးဖွားသူများပင် ခုနစ်ဆယ်ကျော်ငါးနှစ်အတွင်း ချဉ်းနင်းဝင်ရောက်နေကြသူများဖြစ်သည်။ အရွယ်အားဖြင့်ကြည့်မည်ဆိုပါက တတိယအရွယ်ဖြစ်သည်။ ဘဝ၏ လှိုင်းတံပိုးများဖြစ်သည့် ကောင်းခြင်း၊ ဆိုးခြင်းနှင့် အတက်အကျတို့ကို ဘဝစုံအရွယ်စုံဖြင့် အတွေ့အကြုံများခဲ့ကြပြီဖြစ်သည်။ နောက်သို့ ပြန်လှည့်ကြည့်မည်ဆိုပါက လွမ်းစရာများလည်းရှိမည်။ နာကြည်းစရာများလည်းရှိမည်။ ပျော်စရာများလည်းကြုံခဲ့ရပြီ။ ဝမ်းနည်းစရာများကိုလည်း ဖြတ်သန်းခဲ့ပြီ။ သင်ခန်းစာယူစရာများလည်းရှိမည်။ နောင်တရစရာများလည်းရှိမည်ဖြစ်သည်။

### (၇၅)နှစ်ပြည့်၍ စိန်ရတုပင်တိုင်ခဲ့ပြီ

ထို့အတူပင် ကျွန်ုပ်တို့နေထိုင်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း လွတ်လပ်ရေးရခဲ့သည်မှာ (၇၅)နှစ်ပြည့်၍ စိန်ရတုပင်တိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်အချုပ်အခြာပိုင်မြေကို ကိုယ့်အစိုးရ၊ ကိုယ့်ဥပဒေဖြင့် လွတ်လွတ်လပ်လပ် အုပ်ချုပ်စီမံလာခဲ့သည်ကို လူသားသက်ရှိတစ်ဦးအနေဖြင့် နောက်သို့ပြန်လည်ကြည့်ရှုမည်ဆိုပါက အားသာချက်များလည်းရှိမည်။ အားနည်းချက်များကိုလည်း တွေ့ရမည်။ သင်ခန်းစာရယူစရာများကိုလည်း တွေ့မည်။ ဆက်လက်အကောင်အထည်ဖော်သွားရမည်များလည်း ရှိနေမည်သာဖြစ်သည်။ Life is Full of ups and downs ဆိုသည့်အတိုင်း ဘဝဆိုတာကြီးကိုက အတက်အကျများနှင့် ပြည့်နှက်နေသည်။ ထို့အတူ နိုင်ငံသည်လည်း အတက်အကျ၊ အနိမ့်အမြင့်များရှိခဲ့ပေသည်။ ယင်းအနိမ့်အမြင့်၊ အတက်အကျများမှ သင်ခန်းစာယူ၍ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ့သားကောင်းတိုင်းက ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် ဆရာကြီးဒေါက်တာသန်းထွန်းက **‘သမိုင်းသင်တာ မအအောင်လို့’** ဟုဆိုသည်။ သမိုင်းကို **‘မအအောင်’** သင်တဲ့အပြင် ကိုယ်ကိုယ်တိုင်လည်း သမိုင်းကောင်းရေးထိုးနိုင်အောင် ကြိုးစားရမည်။ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း **‘ရာဇဝင်ကို သိရုံသာမဟုတ် ရာဇဝင်ကို ဖန်တီးနိုင်စေရမည်’**







ဟု ဆိုထားခဲ့ပါသည်။

မြန်မာ့သမိုင်းကို အနည်းငယ်ပြန်ပြောင်းကြည့်ပါက **‘အနိရုဒ္ဓဒေဝ’** ဟူသော ဘွဲ့အမည်ခံ အနော်ရထာမင်းကြီး (၁၀၄၄-၁၀၇၇) သည် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထေရဝါဒ ဗုဒ္ဓသာသနာ အခြေတည်အောင် ဆောင်ရွက်ခဲ့သောမင်းကြီးလည်းဖြစ်ပေသည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဘုရင့်နောင်မင်းတရားကြီး (၁၅၅၁-၁၅၈၁) က တည်ထောင်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီးသည် အနော်ရထာမင်းလက်ထက်က မြန်မာ့ဘုန်းတန်ခိုး ထွန်းတောက်ခဲ့သည့် ပုဂံပြည်ထောင်ကဲ့သို့သော ပြည်ထောင်တစ်ခုကို ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီး၏ ရဲစွမ်းသတ္တိအပြည့်ဖြင့် တိုင်းပြည်အကျိုးဆောင်ရွက်ခဲ့ပုံ၊ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် အခြေခံအုတ်မြစ်ချခဲ့ပုံတို့ကို သမိုင်းပညာရှင် ဒေါက်တာကျော်သက်၏ ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းစာအုပ်တွင် **“ဘုရင့်နောင်၏ စွမ်းရည်သတ္တိနှင့် တိုင်းပြည်အကျိုးဆောင်ရွက်ခဲ့ပုံတို့သည် နောင်လာနောက်သား မြန်မာမှန်သမျှတို့၏ အမျိုးဇာတိမာန်ကို အမြဲတစေနှိုးဆွပေးနိုင်သည့် ဂုဏ်သတ္တိထူးများနှင့် ပြည့်စုံလေသည်။ ထို့ကြောင့် လာမည့်ရာစုနှစ်များတွင် မြန်မာတို့ ဆုံရ၊ ကြုံရမည့် အခက်အခဲဆင်းရဲဒုက္ခဟူသမျှကို ခိုင်လုံသောအမျိုးဇာတိမာန်ဖြင့် ရင်ဆိုင်နိုင်စေသည့် အထောက်အကူတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိလေသည်”** ဟု ရေးသားထားသည်။ ဘုရင့်နောင်မင်းတရားကြီးသည်လည်း ကျွန်ုပ်တို့အတွက် ဂုဏ်ယူ၍ စံပြုအားထားရသည့် မင်းတရားကြီးပင်ဖြစ်ပေသည်။

ထို့အတူ တတိယမြန်မာနိုင်ငံတော်ကြီးကို ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီး (၁၇၅၂-၁၇၆၀) က ပြန်လည်စုစည်းတည်ထောင်ခဲ့သည်။ ဤသို့ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံပြီး အမြော်အမြင်ကြီးမားစွာ တည်ဆောက်ထားခဲ့သည့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့က ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မြန်မာတို့၏အရှင်နှစ်ပါးဖြစ်သော သီပေါမင်းနှင့် စုဖုရားလတ်တို့အား **“သူရိယ”** သင်္ဘောဖြင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်သွားခဲ့သည်။ ယင်းပါတော်မူခန်းကို ဆရာကြီးမြသန်းတင့်က **“သူရိယသင်္ဘောမှ ဥဩသံသည် ပဒေသရာဇ်မန္တလေးကို သင်္ဂြိုဟ်လိုက်သည့် ခေါင်းလောင်းသံဖြစ်ပြီး ကိုလိုနီမန္တလေးကို မွေးဖွားပေးလိုက်သည့် အချက်ပေးသံဖြစ်လေသည်”** ဟု ရေးဖွဲ့ထားသည်။ အမှန်အားဖြင့် ဆရာကြီးပြောသလို ကိုလိုနီမန္တလေးကိုသာမက မြန်မာတစ်နိုင်ငံလုံးကို ကိုလိုနီကျွန်ပြုမှုကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ ချို့တဲ့ပျက်စီးခြင်းသို့ရောက်အောင် မွေးဖွားပေးလိုက်ခြင်းဖြစ်သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့နိုင်ငံတော်ကြီး၏ အချုပ်အခြာကို ဖော်ပြသည့် မန္တလေးရွှေဗဟိုရ်စည်သံကြီးသည်လည်း တိတ်ဆိတ်သွားခဲ့ရလေတော့သည်။ သို့သော် ကိုလိုနီနယ်ချဲ့တို့အတွက်မူကား လော့ဒ်ရန်းဒေ့ချာချီ (ဝင်စတန်ချာချီ၏ဖခင်) သည် ကျွန်ုပ်တို့နိုင်ငံတော်ကြီးအား ဧကရာဇ်ဘုရင်မကြီးသို့ နှစ်သစ်ကူးလက်ဆောင်တစ်ခုအဖြစ် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဆက်သလိုက်လေတော့သည်။

- မည်သည့်ကိစ္စမဆို ပြုမူဆောင်ရွက်ရာ၌ ဖွဲ့၊ လုံ့လ၊ ဝီရိယသာမက ပညာဉာဏ်လည်းလိုသည်။ တစ်နည်းအားဖြင့် ပညာဉာဏ်သည် အကြီးအမှူးဖြစ်သည်။ ပညာပါမှသာ အရာရာတွင် အမှားကင်း၍ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်
- “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုရာတွင်လည်း အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းစွာဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သည့် ပညာဉာဏ်ဖြင့် ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်မှသာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ယင်းသို့ ပါတော်မူစတွင် မင်းပြောင်းမင်းလွဲတစ်ခုလိုလို၊ အိပ်မက်တစ်ခုလိုလိုဖြစ်နေသောကြောင့် ပြည်သူတို့အနေဖြင့် ကြက်သေသေကာ တွေဝေငေးမှိုင်၍နေကြလေ၏။ သို့သော် များစွာမကြာလိုက်ပါ။ အိပ်မက်မှ နိုးထလာကာ ကိုလိုနီနယ်ချဲ့တို့အား နည်းအမျိုးမျိုးဖြင့် တော်လှန်တိုက်ခိုက်လာကြလေတော့၏။ နယ်ချဲ့အင်္ဂလိပ်တို့သည် အထက်မြန်မာပြည်ကို သိမ်းပိုက်စဉ်က သုံးစွဲသည့် ကုန်ကျစရိတ်ထက် တော်လှန်ပုန်ကန်သည့် မြန်မာ့သူရဲကောင်းတို့အား နှိမ်နင်းရသည့် ကုန်ကျစရိတ်က ပို၍ပင်ကုန်ကျသည်ဟုဆို၏။

မြင်စိုင်းမင်းသား၊ မင်းသားထိပ်တင်မှတ်၊ မင်းသားထိပ်တင်သန့်၊ မင်းသားစောရန်နိုင်နှင့် မင်းသားစောရန်ပိုင်တို့ကဲ့သို့သော မင်းညီမင်းသားတို့သည်လည်းကောင်း၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ချင်းအမျိုးသား ခုခံရေးသမားများဖြစ်သည့် ကွမ်ဘိ၊ ထွမ်သမ်းနှင့် ရွှေချိုးဖြူမင်းသား၊ ကန္တာရဝတီစော်ဘွား စောလဖော်နှင့် ဘုန်းတော်ကြီးထဲမှ ဆရာတော် ဦးဥတ္တမ၊ တောင်တွင်းကြီးတစ်ဝိုက်တွင် ဗိုလ်မင်းရောင်၊ အင်းဝမှ ဗိုလ်ရွှေရန်နှင့် ဗိုလ်တုတ်၊ ပုပ္ပားတစ်ဝိုက်တွင် ဗိုလ်ချို၊ ကချင်မှ ဗိုလ်ဖိုးစောတို့သည်လည်းကောင်း တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နေရာဒေသအသီးသီးမှ နယ်ချဲ့အင်္ဂလိပ်တို့အား နှစ်ရှည်လများ ပြောက်ကျားစနစ်ဖြင့် ခုခံတိုက်ခိုက်ခဲ့ကြသည်။

## ကမ္ဘာကြည့် ကြည့်တတ်လာ

သို့သော် လက်နက်အင်အား၊ လူအင်အားမမျှသဖြင့် အားမတန်မာန်လျှော့ခဲ့ကြရသည်ချည်းသာဖြစ်သည်။ ထိုကဲ့သို့ လူအင်အား၊ လက်နက်အင်အားမမျှသဖြင့် အသက်ပေးစတေးခဲ့ရသည့် မြန်မာမျိုးချစ်တို့၏ အားနည်းချက်ကို သခင်အောင်ဆန်းတို့ကဲ့သို့သော ၂၀ ရာစု အစောပိုင်းဖွား ခေတ်ပညာတတ် လူငယ်ခြေတက်များက နားလည်သည်။ သဘောပေါက်ကြသည်။ မြန်မာ့အရေးကို ကမ္ဘာကြည့် ကြည့်တတ်လာကြသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေနှင့် တို့ဗမာအစည်းအရုံးတို့ကဲ့သို့သော အဖွဲ့အစည်းတို့သည်လည်းကောင်း၊ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်သည့် ပထမကျောင်းသားသပိတ်သည် လည်းကောင်း၊ ၁၉၃၆ ခုနှစ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌကိုနုနှင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းတို့အား ကျောင်းထုတ်လိုက်သောကြောင့် ပေါ်ပေါက်လာသည့် ဒုတိယကျောင်းသားသပိတ်သည် လည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ်ကျောင်းသားကိုအောင်ကျော်ကျဆုံးခဲ့ရသည့် ရန်ကုန်တက္ကသိုလ် တတိယအထွေထွေကျောင်းသားသပိတ်ကြီးသည်လည်းကောင်း မြန်မာတစ်မျိုးသားလုံးအတွက် မျက်စိပွင့်နားပွင့်ဖြစ်စေကာ မျိုးချစ်စိတ်ဓာတ်ထက်သန်၍ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် မဖြစ်မနေလိုအပ်ကြောင်း ပိုမိုသိရှိလာခဲ့ကြသည်။

ထိုအချိန်ကား ဒုတိယကမ္ဘာစစ်ကြီးသည်လည်း အနောက်ကမ္ဘာတွင် စတင်နေပြီဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်တို့အတွက် အကျပ်ရိုက်လျက်ရှိချိန်ဖြစ်သည်။ ၎င်းတို့အတွက် အခက်အခဲ အကျပ်အတည်းကို မြန်မာတို့က အခွင့်အရေးအဖြစ် အသုံးချဆောင်ရွက်ခဲ့ကြသည်။ သခင်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာလူငယ် ၃၀ တို့သည် ဟိုင်နန်ကျွန်းတွင် မြန်မာ့လွတ်လပ်ရေးအတွက် စစ်ပညာများ ပြင်းထန်စွာသင်ယူခဲ့ကြသည်။

လွတ်လပ်ရေးအတွက် ပြင်ဆင်ရာတွင် ရေးယခင်နည်းများအတိုင်းသွား၍မရ။ ကမ္ဘာ့နိုင်ငံများနှင့်အညီ စစ်နည်းပညာ၊ လူအင်အားအရင်းအမြစ်တို့ ခေတ်မီနည်းစနစ်များဖြင့် ပညာဉာဏ်ကို အသုံးပြုနိုင်မှသာ ရရှိမည်ဖြစ်ကြောင်း မြန်မာလူငယ်တို့ သိလာကြသည်။ ဤသို့ကြိုးစားရင်းဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီတို့သည် တစ်နှစ်အတွင်း မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် မြန်မာအမျိုးသားခေါင်းဆောင်များနှင့် ဗြိတိသျှအစိုးရတို့၏ သဘောတူညီချက်များပါသည့် **"အောင်ဆန်း-အက်တလီ"** စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

## လွတ်လပ်ရေးကို တစ်ကမ္ဘာလုံးသို့ကြေညာ

၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် သခင်နုနှင့် မစ္စတာအက်တလီတို့သည် **"နု-အက်တလီ"** ဟုခေါ်ဆိုသည့် လွတ်လပ်ရေးစာချုပ်ကိုချုပ်ဆိုကာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ယူနီယံဂျက်အလံကို အောက်သို့ချကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တစ်ကမ္ဘာလုံးသို့ ကြေညာခဲ့ကြသည်။ ထိုသို့ မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာတို့ အသက်၊ သွေး၊ ချွေးတို့ ပေးဆပ်ခဲ့ရသည်မှာ လူသိထင်ရှားဖြင့်တစ်မျိုး၊ လူမသိ သူမသိဖြင့် တစ်ဖုံ များစွာရှိခဲ့ပေသည်။

**"လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် စာပေဗိမာန်ကြီးသည် ယခုလည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ဆက်လက်ထမ်းပိုးဆောင်ရွက်လျက်ရှိသော ဌာနကြီးပင်ဖြစ်ပါသည်။ စာပေဗိမာန် စာကြည့်တိုက်၊ ဘာသာပြန်နှင့် သုတ ရသဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ပြည်သူ့လက်စွဲစာစဉ်များ၊ လူငယ်ရေးရာနှင့် သုတပဒေသာမဂ္ဂဇင်း၊ ရွှေသွေးဂျာနယ်၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးတွဲဆောင်ရွက်ကာ မြန်မာ့စွယ်စုံကျမ်း (၁၅) တွဲကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်း (မူသစ်)များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဆိုင်ရာတို့ကိုလည်း ဆောင်ရွက်လျက်ရှိ"**



မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း စတင်မွေးဖွားရာ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဒေါက်တာလှဘူး၏ နေအိမ်။



စာပေဗိမာန်ပြည်လမ်း Sorrento Villa (၁၉၄၇-၁၉၅၄)



စာပေဗိမာန်ကုန်သည်လမ်း (၁၉၅၅-၂၀၂၂)

မည်သည့်ကိစ္စမဆို ပြုမူဆောင်ရွက်ရာ၌ ဖွဲ၊ လုံ့လ၊ ဝီရိယသာမက ပညာဉာဏ်လည်းလိုသည်။ တစ်နည်းအားဖြင့် ပညာဉာဏ်သည် အကြီးအမှူးဖြစ်သည်။ ပညာပါမှသာ အရာရာတွင် အမှားကင်း၍ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာလူငယ်တို့သိကြသည်။ မိမိတို့သိသလို မြန်မာတစ်နိုင်ငံလုံးကိုလည်း သိစေချင်သည့်ဆန္ဒ ဗိုလ်ချုပ်တွင်ရှိသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုရာတွင်လည်း အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းစွာ ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သည့် ပညာဉာဏ်ဖြင့် ပြည့်စုံသော နိုင်ငံ့သားကောင်းများဖြစ်မှသာ နိုင်ငံတော် တည်ဆောက်ရေးတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များနှင့် ဌာနဆိုင်ရာကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်သည့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်း"** ဆွေးနွေးပွဲကို ၁၉၄၇ ခုနှစ် ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်း (ဟံသာဝတီအဝိုင်း) အမှတ် (၃၆၁) ရှိ ဆိုရန်တိုဗီလာအဆောက်အအုံ၌ ကျင်းပခဲ့သည်။ ယင်းအဆောက်အအုံ၏ အင်္ဂလိပ်အမည်မှာ **"Sorrento Villa"** ဖြစ်သဖြင့် ဆိုရန်တိုဗီလာစီမံကိန်းဟုခေါ်ကြသည်။

## စာကောင်းပေမွန်များကို ပုံနှိပ်ထုတ်ဝေ

အဆိုပါစီမံကိန်း၏ ပဓာနရည်ရွယ်ချက်မှာ အမျိုးသားစီးပွားရေးကို စနစ်တကျ စီမံကိန်းဖြင့် ထူထောင်ရန်ဖြစ်သည်။ ရှိသမျှ လူအင်အားနှင့် ဓနအင်အားကို အစွမ်းကုန်အသုံးချ၍ နိုင်ငံ့စီးပွားရေးကို နှစ်နှစ်အတွင်း သိသိသာသာတိုးတက်ရေးသို့ ရေးရှုသည့်စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းရေးဆွဲရေးကွန်ဖရင့်၌ ဗိုလ်ချုပ်ပြောခဲ့သည့် မိန့်ခွန်းထဲတွင် **"စာအုပ်တွေ ထုတ်တဲ့နေရာမှာလည်း လူအများအတွက် အရေးတကြီးလိုအပ်သည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ်တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာ စွဲထားရမည်။ ဘာသာပြန်ဌာနကြီးကြီး တစ်ခု ဖွင့်ရမည်"**ဟူသည့် မှာကြားချက်လည်းပါရှိသည်။ ဗိုလ်ချုပ်သည် နိုင်ငံတော်တိုးတက်ရေးကိစ္စ ဆောင်ရွက်ရာ၌ ပြည်သူလူထုသည် အသိအမြင်ဗဟုသုတကြွယ်ဝပြီး ကမ္ဘာကြည့်ကြည့်ကာ အမျိုးသားရေးစိတ်ဓာတ် ရင့်သန်ထက်မြက်သည့် ပြည်သူလူထုဖြစ်ရန် လိုအပ်သဖြင့် ထိုကဲ့သို့ အကျိုးရှိသည့် စာကောင်းပေမွန်များကို ပုံနှိပ်ထုတ်ဝေရန် ထူးထူးခြားခြား မှာကြားခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရသောကြောင့် ဗိုလ်ချုပ်၏လမ်းညွှန်မှာကြားချက်ကို ဝန်ကြီးချုပ် ဦးနုက ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society) ယခု (စာပေဗိမာန်) ကို တည်ထောင်ဖွင့်လှစ်ကာ အချက်(၁၄)ချက်ပါဝင်သည့် အသင်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်လူကြီး ၁၂ ဦးကိုလည်း ရွေးချယ်တင်မြှောက်ခဲ့သည်။

ယင်းကောင်စီတွင် ဝန်ကြီးချုပ်ဦးနုက မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ စာပေဗိမာန်၏ ဆောင်ပုဒ်ကိုလည်း ဆရာမင်းသုဝဏ်က **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"** ဟု ရေးဖွဲ့ခဲ့သည်။ ယင်းဆောင်ပုဒ်ကို စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် ပထမဆုံးစာကြည့်တိုက်မှူးနှင့် စစ်ပြီးခေတ် မြန်မာ့အသံကို စတင်တည်ထောင်ခဲ့သူ ဦးခင်ဇော် (ဆရာK) က **"Light, where Darkness was"** ဟု ဘာသာပြန်ဆိုပေးခဲ့သည်။

ယင်းမြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကြီးက မြန်မာ့စွယ်စုံကျမ်းအတွဲများ၊ စာပေဗိမာန် လစဉ်စာစောင်များ၊ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ်စာစဉ်များ၊ သိပ္ပံစာစဉ်များ၊ သက်မွေးမှုဆိုင်ရာ ကျောင်းသုံးစာအုပ်များ၊ ပြည်တော်သာစာစဉ်၊ စာပေဗိမာန်မဂ္ဂဇင်းများအပြင် ကျောင်းသုံးစာအုပ်ထုတ်လုပ်မှုညွှန်ကြားရေးဝန်ကြီးဌာနကို မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကပင် ဆောင်ရွက်ခဲ့ကြသည်။

## လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာ

၁၉၅၃ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်၌ စာပေဗိမာန်အဆောက်အအုံသစ်ကို အုတ်မြစ်ချကာ ၁၉၅၅ ခုနှစ် မေလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် စာပေဗိမာန်ကြီးသည် ယခုလည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ဆက်လက်ထမ်းပိုးဆောင်ရွက်လျက်ရှိသော ဌာနကြီးပင်ဖြစ်ပါသည်။ စာပေဗိမာန် စာကြည့်တိုက်၊ ဘာသာပြန်နှင့် သုတ ရသဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ပြည်သူ့လက်စွဲစာစဉ်များ၊ လူငယ်ရေးရာနှင့် သုတပဒေသာမဂ္ဂဇင်း၊ ရွှေသွေးဂျာနယ်၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးတွဲဆောင်ရွက်ကာ မြန်မာ့စွယ်စုံကျမ်း (၁၅) တွဲကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်း (မူသစ်) များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဆိုင်ရာတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် စာပေဗိမာန်ကြီးသည် ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းညွှန်မှာကြားချက်များကို ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သောဌာနကြီးဖြစ်ပါသည်။ ထို့ပြင် လွတ်လပ်ရေးနှင့် စာပေဗိမာန်၊ စာပေဗိမာန်နှင့် လွတ်လပ်ရေးသည် အတူယှဉ်တွဲလျက် အမျိုးသားရေးနှင့်အတူ သမိုင်းတည်မော်ကွန်းထိုးနိုင်ခဲ့သည့်အတွက် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

**ကိုးကား -**

- **မြဟန်၊ ကိုလိုနီခေတ် မြန်မာ့သမိုင်း အဘိဓာန်**
- **မောင်ခေတ်ထွန်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်မှတ်တမ်း**
- **မြသန်းတင့်၊ တောင်သမန်ရွှေအင်းက လေညင်းဆော်တော့**

# ဒီဇင်ဘာလအတွင်း နယ်စုံမှဝင်ရောက်လာသော မြေပဲဆန်များ ပြည်ပဈေးကွက် ဝယ်လက်များရှိ

ဒီဇင်ဘာလအတွင်း ဆောင်းမြေပဲများ နယ်စုံတွင် စတင်ထွက်ပေါ်နေသဖြင့် ပြည်ဈေးကွက်ရှိ ပွဲရုံများသို့ လာရောက်ရောင်းချလျက်ရှိသည်။ နယ်စုံမှ ဝင်ရောက်လာသော မြေပဲဆန်များကို ပြည်ဈေးကွက်မှတစ်ဆင့် ဝယ်လက်များဝယ်ယူမှုရှိသဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိသည်။

ယခုအပတ်တွင် ပြည်ဈေးကွက်သို့ နယ်စုံမှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၁၄၀၀/၁၅၀၀ ခန့် ဝင်ရောက်လာခဲ့ကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မြေပဲဆန်လုံးဆန်(အနီ)ကို မန္တလေးဝယ်လက်များအဝယ်ရှိပြီး ဆီစက်များက ဆီကြိတ်မြေပဲဆန်ကို ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင်အိတ် ၁၀၀၀/၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်က မြေပဲဆန်လုံးဆန် (အဖြူ)ကို မြဝတီသို့ တင်ပို့ရန် ဝယ်ယူမှုရှိပြီး ယခုအပတ်တွင် ဝယ်လက်ပျောက်သွားသဖြင့် ဈေးအနည်းငယ် ကျဆင်းလာခဲ့သည်။

ယခုအပတ်မြေပဲဆန်ဈေးများမှာ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၄၃၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် ယခင်အပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးကျလာခဲ့ပြီး မြေပဲဆန်လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် ဒေသတွင်း ပဲလှော်ဖိုသမားများနှင့် မန္တလေးဝယ်လက်သမားများ ဝယ်ယူမှုရှိသဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်ဈေးမြင့်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

DOCA(ပဲခူး)



# မြဝတီကုန်သွယ်ရေးဇုန် ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဒီဇင်ဘာ ၁၉ ရက်မှ ၂၄ ရက်အထိ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ တင်ပို့ခဲ့သည်။ အများဆုံးပို့ကုန်ပစ္စည်းအနေဖြင့် CMP ထွက်ကုန်၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ငရုတ်၊ မြေပဲ၊ ရေထွက်၊ ရော်ဘာ၊ အလူမီနီယံအပိုင်းအစ၊ ငါးပိတို့ ဖြစ်သည်။

### ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်

ကိုဗစ်-၁၉ အလွန်ကာလတွင် ထိုင်းနိုင်ငံသို့ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများတွင်ကျယ်စွာအသုံးပြုလာခြင်း၊ ဟင်းလျာများတွင် ထည့်သွင်းချက်ပြုတ်စားသောက်ခြင်း၊ စားသောက်ကုန်လုပ်ငန်း စားသောက်ဆိုင်များတွင် အသုံးပြုရန် လိုအပ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများဖြစ်သည့် ကြက်သွန်နီ၊ ဆန်မှုန့်၊ ငရုတ်တို့ကို ထိုင်းနိုင်ငံမှ ဝယ်လိုအား မြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ အလူမီနီယံအပိုင်းအစအား အရည်ကျို၍ ကုန်ချောများ ပြန်လည်ထုတ်လုပ်ရန်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်း သိရှိရသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုင်ကယ်အပိုပစ္စည်းများ ဖိနပ်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ သစ်သီး၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အပိုပစ္စည်းများ၊ ဂက်စ်၊ စက်ဆီချောဆီ၊ အိမ်သုံးပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ စက်ဘီးများ၊ စာရေးကိရိယာများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ အထည်ချုပ်၊ ကြွေပြား၊ စားသောက်ကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ သုတ်ဆေးများ၊ စက်ရုံသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ အလှကုန်ပစ္စည်း အများဆုံးတင်သွင်းခဲ့သည်။

### ငွေကြေးဈေးကွက်မတည်ငြိမ်

ငွေကြေးဈေးကွက်အနေဖြင့် ယခုလဆန်းပိုင်းတွင် ဘတ်ဈေးသည် တစ်ဘတ်လျှင် ၇၉ ဒသမ ၃၆ ကျပ်အထိ ရှိခဲ့ပြီး ယခုလကုန်ပိုင်းတွင် တစ်ဘတ်လျှင် ၈၀ ဒသမ ၃၂ ကျပ်ခန့်အထိ ဘတ်ဈေးအနည်းငယ်ပြန်တက်လာသောကြောင့် ဘတ်ဈေးအတက်အကျမတည်ငြိမ်သဖြင့် သွင်းကုန်ပစ္စည်းများကို ချိန်ဆတင်သွင်းနေကြောင်း သိရှိရသည်။

# တူကီယဲနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများ တင်သွင်းမှုအတွက် အခွန်ကောက်ခံမှုကို သုည(၀%)အထိ လျှော့ချ

တူကီယဲနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများ တင်သွင်းမှုများအတွက် အခွန်ကောက်ခံမှုများကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ သုည(၀%) အထိ လျှော့ချမည်ဖြစ်ကြောင်းကို ဒီဇင်ဘာ ၁၅ ရက်တွင် တူရကီအစိုးရမှ တရားဝင်ကြေညာကြောင်း သိရသည်။

တူကီယဲနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများကို ပြည်တွင်းထုတ်လုပ်မှု မြင့်မားလာစေရန် စပါးတင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၃၄ ရာခိုင်နှုန်း၊ ဆန်ညိုတင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၃၆ ရာခိုင်နှုန်းနှင့် ဆန်ဖြူ တင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၄၅ ရာခိုင်နှုန်းအထိ အသီးသီးချမှတ်ထားသည်။

သို့သော်လည်း လာမည့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းစားသောက်မှု ဖူလုံစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများတင်သွင်းမှုနှင့် ပတ်သက်၍ သွင်းကုန်အခွန်ကို (၀%) သတ်မှတ်လိုက်ကြောင်း သိရသည်။

ရင်းမြစ်-tridge.com

# ကယား လိမ္မော်လှိုင်လှိုင်ပေါ်၍ ဈေးကွက်အတွင်း လိမ္မော်သီးဈေးနှုန်းကျဆင်း

လိမ္မော်သီးကို ကယားပြည်နယ် အတွင်းရှိ ဘော်လခဲမြို့နယ် လွိုင်ဝိန်ကျေးရွာ၊ ဝမ်မလန်ကျေးရွာတို့တွင် လည်းကောင်း၊ ဖရူဆိုမြို့နယ် မူဆိုကျေးရွာတွင် လည်းကောင်း၊ ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖကျေးရွာတို့တွင် မိသားစုအပိုဝင်ငွေရရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ဆောင်းဝင်စအချိန်တွင် ရောင်းချနိုင်သော ရာသီပေါ်သီးနှံ တစ်မျိုးဖြစ်သည်။

### ဈေးကွက်အတွင်း ရောင်းချလျက်ရှိ

ဈေးကွက်အတွင်း ရောင်းချသော လိမ္မော်သီးမှာ ရှမ်းပြည်နယ်အတွင်းရှိ ပင်လောင်း၊ အောင်ပန်းနှင့် ကလောအစရှိသည့် ဒေသများမှ မှာယူတင်သွင်းကြပြီး ယခုဒီဇင်ဘာလ တတိယပတ် ဈေးကွက်အတွင်း၌ လိမ္မော်သီးအလုံးသေး တစ်ပိဿာ ကျပ် ၁၅၀၀၊ လိမ္မော်သီး အလုံးလတ် တစ်ပိဿာ ကျပ် ၂၀၀၀၊ အလုံးကြီး တစ်ပိဿာ ကျပ် ၂၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

ယခင်နိုဝင်ဘာလ တတိယပတ်တွင် လိမ္မော်သီးအလုံးသေး တစ်ပိဿာ ကျပ် ၂၅၀၀၊ လိမ္မော်သီးအလုံးလတ် တစ်ပိဿာ ကျပ် ၃၄၀၀၊ လိမ္မော်သီးအလုံးကြီး တစ်ပိဿာ ကျပ် ၃၈၀၀ ဖြင့် ရောင်းချခဲ့သည်။



### လိမ္မော်သီးအများအပြား ဝင်ရောက်လာ

ယခင်နိုဝင်ဘာလ တတိယပတ်နှင့် ယခုဒီဇင်ဘာလ တတိယပတ် နှိုင်းယှဉ်လျှင် လိမ္မော်သီးအလုံးသေး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ အလုံးလတ် တစ်ပိဿာလျှင် ကျပ် ၁၄၀၀၊ အလုံးကြီး တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဈေးနှုန်းကျဆင်းလာကြောင်း၊ ဈေးနှုန်းကျဆင်းရခြင်းမှာ ဈေးကွက်အတွင်း လိမ္မော်သီး အများအပြား ဝင်ရောက်လာသောကြောင့် ဖြစ်သည်ဟု နောင်ယားဈေးတွင် လိမ္မော်သီးရောင်းချသူ တစ်ဦးထံမှ သတင်းရရှိသည်။

DOCA(ကယား)

# လာမည့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ရာသီ သီးနှံများ၏ ဈေးကွက် ပို၍ခက်ခဲလာနိုင်ဖွယ်ရှိ

ကမ္ဘာ့ရာသီ သီးနှံအဓိက ငါးမျိုးဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ မုယောစပါးနှင့် ပဲပုပ်တို့၏ ဈေးကွက်သည် လာမည့် ၂၀၂၃ ခုနှစ်တွင် ပို၍ခက်ခဲလာနိုင်ဖွယ်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ရာသီ သီးနှံအဓိက ငါးမျိုး၏ သိုလှောင်ချိန်ပမာဏအချိုးအစားမှာ ပျမ်းမျှအားဖြင့် ယခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ တွင် ၁၉.၅ ရာခိုင်နှုန်းခန့်ထိရှိပြီး ယခင်နှစ် ၂၀၂၁-၂၀၂၂ တွင် သီးနှံများ သိုလှောင်ချိန်ပမာဏအချိုးအစားမှာ ၁၉.၈ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း၊ အဓိကသီးနှံတစ်မျိုးဖြစ်သည့် ဆန်သိုလှောင်မှုရာခိုင်နှုန်းမှာ ယခင်ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂တွင် ၄၂.၈ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ တွင် ၃၉.၇ ရာခိုင်နှုန်းခန့်သာရှိနိုင်ပြီး ဂျုံသိုလှောင်မှု ရာခိုင်နှုန်းမှာ ယခင်ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂ တွင် ၁၅.၂ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ တွင် ၁၄ ရာခိုင်နှုန်းခန့်သာ ရှိနိုင်မည်ဖြစ်သဖြင့် အဓိကရာသီသီးနှံများ၏ ဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် ခက်ခဲလာနိုင်ကြောင်းကို အမေရိကန်ပြည်ထောင်စုစိုက်ပျိုးရေးဌာန (USDA) သုတေသနအဖွဲ့မှ ပြောကြားကြောင်း သတင်းရရှိသည်။

ရင်းမြစ်-USDA

## မြိတ်ဒေသတွင် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

မြိတ်ဒေသမှ တစ်ဖက်ထိုင်းနိုင်ငံသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ကားလမ်းကြောင်းဖြင့် ပရာကျွတ်ကရီခမ်သို့ ငါးအသားလွှာ ၇ ဒသမ ၂ တန် ရေကြောင်းလမ်းဖြင့် ရနောင်းမြို့သို့ ငါးမှုန့် ၈၂၅ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်းဒီဇယ်ဆီ တန် ၂၃၀၀၊ ဓာတ်ဆီ တန်၈၅၀ နှင့် မွေးမြူရေးသုံး ပုစွန်စာ တန် ၃၀ တင်သွင်းနိုင်ခဲ့သည်။ ငွေကြေးဈေးကွက်အနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၁ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၂-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ တေဇုဂ်သုတ်၊ အဋ္ဌာနာယ်ကင်း ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၀၀ ပြည်တွင်းသတင်း
၀၈:၃၅ **"စစ်မိုးငြိမ်းချိန်တန်ပါပြီ"**
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ **"မြန်မာ့ရိုးရာဝါးလက်မှုပညာ"**
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့....ဒိုးလေး" (အပိုင်း-၂၂)
၁၃:၃၀ MRTV National News
၁၅:၂၀ "Sanxingdui Rediscovering a lost Civilisation" (Part-6)
၁၆:၃၅ ရွှေခေတ်ရောက်ခဲ့သည့်ပြေးခုန်ပစ်အားကစား
၁၇:၃၅ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဝတ္ထုပြအစီအစဉ် **"ခေတ်သမိုင်း၏အငွေ့ခံမဟာစန္ဒလပန်းခြံ"**
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့ အထိမ်းအမှတ်ဂုဏ်ပြုတေးသီချင်း
၁၈:၃၅ နိုင်ငံကျော်အဆိုတော်မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲထုတ်လွှင့်မှု အစီအစဉ်(အပိုင်း-၂)
၁၉:၁၀ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်း **"မိုးပြေသက်သေ...တို့သွေးချင်းတွေ"** (အပိုင်း-၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့ ဂုဏ်ပြုဇာတ်လမ်း **"ကြယ်ညွှန်ရာသစ္စာ"** (အပိုင်း-၁၀)
၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"အောင်ပွဲပဏ္ဍိုင်ရင်ဆိုင်ချီတက်"** (အပိုင်း-၂၁)

**mitv**

07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
07:08 Myanmar Bamboo Hat
07:21 Dances of Myanmar: Lisu Traditional Dance
07:27 Ocularist
07:47 A Way of Life: Aikido
08:01 News
08:27 Shwedagon Buddha Museum
09:01 Introductory Programme of Literary Award Winners (U Ye Dway)
08:54 Myanmar Traditional Art Bronze Casting
09:01 Myanmar Social & Charitable Association(Ep-2)(Jivitadana Hospital)
09:24 Myanmar Traditional Snacks: Myanmar Doughnut
09:29 Listening Pleasure, Instrumental Music (Mandolin) Htan, Tra, Tay, Shin
09:38 Hsig Khaung Village In Hsihseng
09:49 Farming: Duck Breeder

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၆:၀၀) မှ (၇:၀၀)**
ချင်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ချင်း (ခြိုး) (၇:၀၀) မှ (၈:၀၀)**
ချင်းရိုးရာပြတိုက်

**မွန် (၈:၀၀) မှ (၁၀:၀၀)**
လာရောက်အပန်းဖြေပါနော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)

**ရခိုင် (၁၀:၀၀) မှ (၁၂:၀၀)**
မျိုးဂုဏ်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၆)

**ရှမ်း (၁၂:၀၀) မှ (၁၄:၀၀)**
ရှမ်းမုန့်တီချက်နည်း

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
စံပယ်ပန်းလှလှလေးကပေးတဲ့ကျန်းမာရေး

**စကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ငန်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ "Economic Review" (Part-13) (အာမခံနှင့်စီးပွားရေး)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၀:၄၅ အသိပညာနှင့်အမှန်တရား "လေ့လာသင်ကြားပါ"
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ ရှုလေမြင်လေကမ္ဘာမြေ
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV Navtional News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "မေမေ့ရွေးချယ်မှု"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၆
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ "အတွေးအမြင်" အပိုင်း-၆

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ တောင်သူများနှင့်အတူဆင်နွှဲ စပါးမျိုးသရုပ်ပြပွဲ
၀၆:၄၀ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၇:၀၀ "တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့"
၀၇:၂၅ သမားရိုးကျမှသည်ဆန်းသစ်မှုဆီသို့
၀၈:၂၀ ပိုးစာစိုက်ပျိုးဝင်ငွေတိုး
၀၉:၂၀ မတ်ပဲပူတင်းနှင့်မတ်ပဲဌာပနာမှုန့်ပြုလုပ်နည်း ပဲအသုံးပြုဟင်းလျာချက်ပြုတ်နည်းများ
၀၉:၄၅ မြူနင်းများကြားတောင်ပေါ်မြို့ဆီမှ ကွင်းသရုပ်ပြပွဲ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## ဘူးသီးတောင်မြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းဖွင့်

**ဘူးသီးတောင် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီက ဘူးသီးတောင်မြို့နယ် ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရခြင်း ရှင်းလင်းပြောကြားပြီး သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်အထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၈၀ တက်ရောက်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၁၂ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၁၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၁၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၀ ကျပ် | ၂၄၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၁ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၄၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၇ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၄ . ၅၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၀၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၈၁ | ၇၁၀၈၀၀ |
| MTSH | ၃၁၅၀ | ၃၂၅၀ | ၂၂၇ | ၇၂၆၃၀၀ |
| MCB | ၇၇၀၀ | ၇၅၀၀ | ၂၀ | ၁၅၀၄၀၀ |
| FPB | ၁၉၀၀၀ | ၁၈၅၀၀ | ၁၄၅၈ | ၂၇၀၁၇၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၂၅၀ | ၃၂၅၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်များ

မြန်လင်းမောင်



ဗွတ်ချွဲ (ခေါ်) ဗွတ်စာမွဲ



ချိုးလင်းပြာ

အမျိုးအစားစုံလင်လှသည့် မြန်မာ့သစ်တောများတွင် ရှားပါးအပင်နှင့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲ မျိုးစိတ်ပေါင်း ၁၁၈၂၀ ကျော်မှတ်တမ်းတင်ထားရှိရာ ယင်းတို့အနက် ၂၀၁၉ ခုနှစ်နောက်ပိုင်းအချိန်အထိ မှတ်တမ်းတင်ထားသည့် ငှက်မျိုးစိတ်ပေါင်း ၁၂၄၀ ကျော်ရှိကြောင်း သိရသည်။

ယင်းမျိုးစိတ်များအကြား ကမ္ဘာ့ပေါ်၌ မြန်မာတစ်နိုင်ငံတည်းသာရှိသည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် (Myanmar Endemic Species) ကိုးမျိုးရှိကြောင်း မှတ်တမ်းတင်ထားသည်။ ယင်းတို့မှာ မျက်ခုံးဖြူ ငှက်ပြာခြောက်၊ မြန်မာတစ်ငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသားဝမ်းဖြူ၊ နဖားကြိုးမြီးဝိုင်း၊ စွေ့ငှက်၊ ချိုးလင်းပြာ၊ ဗွတ်ချွဲနှင့် ငှက်လက်မမြီးရှည်ညိုတို့ဖြစ်ကြသည်။

## မျက်ခုံးဖြူငှက်ပြာခြောက်

မျက်ခုံးဖြူ ငှက်ပြာခြောက် (White-browed Nuthatch)၊ သိပ္ပံအမည် Sitta villosa ငှက်မျိုးစိတ်သည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မြန်မာ့ဒေသရင်း ရှားပါးငှက်မျိုးစိတ် ဖြစ်သည်။ ကမ္ဘာပေါ်၌ ငှက်ပြာခြောက် မျိုးစိတ် ၂၆ မျိုးရှိပြီး ယင်းတို့အနက် မြန်မာနိုင်ငံတွင် ခုနစ်မျိုး ကျက်စားလျက်ရှိကြောင်း သိရသည်။ မျက်ခုံးဖြူငှက်ပြာခြောက်သည် အခြားသောငှက်ပြာခြောက်မျိုးစိတ်များနှင့်မတူဘဲ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင် (ခ) ခေါ်နုးစုမ်ဒေသ တစ်ခုတည်း၌သာ ကျက်စားသည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်ဖြစ်သည်။ ယင်းငှက်မျိုးစိတ်ကို IUCN က မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။







## မြန်မာတစ်ငှက်

ကမ္ဘာပေါ်၌ တစ်ငှက်မျိုးစိတ် ကိုးမျိုး၊ အရှေ့တောင်အာရှတွင် လေးမျိုးရှိပြီး မြန်မာနိုင်ငံတွင် တစ်ငှက်မျိုးစိတ်သုံးမျိုး ကျက်စားလျက်ရှိကြောင်း သိရသည်။ အရှေ့တောင်အာရှတွင် ကျက်စားသည့် တစ်ငှက်မျိုးစိတ်လေးမျိုးအနက် မြန်မာတစ် (Burmese Tit)၊ သိပ္ပံအမည် Aegithalos sharpie ငှက်မျိုးစိတ်သည် မြန်မာနိုင်ငံ ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်ဒေသတွင်သာ ကျက်စားသည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် ဖြစ်သည်။ အရွယ်သေးငယ်ပြီး လှုပ်ရှားသွားလာမှု လျင်မြန်ကာ အုပ်စုဖွဲ့ နေတတ်ကြကာ တောင်ပေါ် အမြဲစိမ်းတော အမြင့်မီတာ ၂၁၀၀-၃၃၀၀ အကြား ကျက်စားတတ်ကြသည်။ မြန်မာတစ်ငှက် မျိုးစိတ်များသည် စားကျက်ဒေသကျဉ်းမြောင်းခြင်းနှင့် လူတို့၏ ပယောဂများကြောင့် စားကျက်ဒေသများ ထိခိုက်ပျက်စီးလာခြင်းကြောင့် အကောင်ရေများစွာ လျော့နည်းကျဆင်းလျက်ရှိသည်။







## မြန်မာဘီလုံးငှက်

မြန်မာဘီလုံးငှက် (Burmese Bushlark)၊ သိပ္ပံအမည် Mirafra micr-optera ငှက်မျိုးစိတ်သည် မြန်မာနိုင်ငံတွင်သာ တွေ့နိုင်သည့် မြန်မာ့ဒေသရင်းငှက် ဖြစ်သည်။ မြေပြင်ပေါ်တွင် ကျက်စားလေ့ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တောင်ပိုင်းတို့တွင် တွေ့ရသည်။ ယင်းငှက်မျိုးစိတ်သည် ယခုအခါ မျိုးသုဉ်းနိုင်မှု အန္တရာယ် အနည်းဆုံးမျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။




## ငှက်မင်းသားဝမ်းဖြူ

ငှက်မင်းသား ဝမ်း ဖြူ (Jerdon's Minivet)၊ သိပ္ပံအမည် Pericrocotus albiforns ငှက်မျိုးစိတ်သည် မြန်မာနိုင်ငံ၌သာ တွေ့နိုင်သည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ် ဖြစ်သည်။ ယင်းငှက်မျိုးစိတ်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရတတ်ပြီး ဆူးချုံတောများနှင့် စိုက်ခင်းများတွင် အများဆုံး နေထိုင်ကျက်စားတတ်ကြသည်။




## နဖားကြိုးမြီးဝိုင်း

နဖားကြိုးမြီးဝိုင်း (Hooded Treepie)၊ သိပ္ပံအမည် Crypsirina cucullata ငှက်မျိုးစိတ်သည် မြန်မာနိုင်ငံ၌သာ တွေ့ရသည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်တစ်ခုဖြစ်သည်။ ယင်းတို့၏ ဦးခေါင်း၊ အမြီးဖျားနှင့် တောင်ပံဖျားတို့ အမည်းရောင်ဖြစ်၍ ကျန်တစ်ကိုယ်လုံး မီးခိုးရောင်ဖြစ်သည်။ ယင်းငှက်မျိုးစိတ်များကို ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၉၀၀ အောက်တွင် တွေ့ရတတ်ပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အများဆုံးတွေ့ရသည်။




## စွေ့ငှက်

စွေ့ငှက်ကို ဇွေ့ငှက် (White-throated babbler) ဟုလည်း ခေါ်ပြီး သိပ္ပံအမည်မှာ Turdoi-des gularis ဖြစ်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ တောင်ပိုင်းတွင် အတွေ့ရများသည့် ငှက်ဖြစ်ပြီး အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် တွေ့ရှိတတ်သည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်ဖြစ်သည်။ စွေ့ငှက်သည် ကိုယ်အလျား ၁၀ လက်မခန့်ရှိပြီး အမြီးတစ်ခုတည်းက ပင် ငါးလက်မခွဲ ခန့်ရှည်သည်။ ထိုငှက်မျိုးစိတ်များသည် အုပ်စုဖွဲ့ကာ ကျက်စားတတ်ပြီး အုပ်စုငယ်ကလေးများဖြင့် တစ်ချုံမှ တစ်ချုံကူး၍ အစာ ရှာဖွေတတ်ကြသည်။ ယင်းတို့၏ ဥဥသားပေါက်ချိန်မှာ ဧပြီလမှ ဇွန်လအလယ် အထိဖြစ်ပြီး များသောအားဖြင့် အသိုက်တစ်ခုလျှင် သုံးဥမှ လေးဥအထိ ဥတတ်သည်။ စွေ့ငှက်သည် မြန်မာနိုင်ငံ၌သာလျှင် တွေ့ကြရပြီး နိုင်ငံအတွင်း ဒေသအနှံ့ ကျက်စားတတ်သည့် ငှက်မျိုးဖြစ်ပြီး မျိုးသုဉ်းနိုင်မှု အန္တရာယ် အနည်းဆုံး မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။

## ချိုးလင်းပြာငှက်

ချိုးလင်းပြာငှက် (Burmese Coll-ared Dove)၊ သိပ္ပံအမည် Streptopelia xenthocycla ကို မြန်မာနိုင်ငံ၌သာ တွေ့ရသည့် မြန်မာ့ဒေသရင်းငှက်မျိုးစိတ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သတ်မှတ်ခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစိုးမရ အဖွဲ့)မှ သိရသည်။ မြန်မာနိုင်ငံတွင် ချိုးငှက်မျိုး သုံးမျိုးရှိသည့်အနက် ချိုးလင်းပြာငှက်မျိုးစိတ်သည် မြန်မာနိုင်ငံ မိုးနည်းရေရှားရပ်ဝန်းများတွင် အနေများသည်။ ချိုးလည်ပြောက် ငှက်မျိုးစိတ်များမှာ ရေငတ်မခံနိုင်သဖြင့် ရေရှိသည့် နေရာတိုင်း၌သာ တွေ့ရသည်။ အခြားမျိုးစိတ်တစ်မျိုးမှာ ချိုးနီပု ဖြစ်သည်။ ချိုးငှက်မျိုးစိတ်များသည် အခြားငှက်များ ထက်ပို၍ အုပ်စုဖွဲ့နေထိုင်တတ်ကြပြီး ရာသီမရွေး သားပေါက်တတ်ကြသည်။

## ဗွတ်ချွဲ (ခေါ်) ဗွတ်စာမွဲ

ဗွတ်ချွဲ (ခေါ်) ဗွတ်စာမွဲ (Ayeyarwady bulbul)၊ သိပ္ပံအမည် Pycnonotus blanfordi ငှက်မျိုးစိတ်ကို ၂၀၁၆ ဇူလိုင်လတွင် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ယင်းငှက်မျိုးစိတ်များ၏ သဘာဝနေရင်းဒေသသည် အပူပိုင်းဒေသ သို့မဟုတ် အပူပိုင်း စိုစွတ်သော မြေနိမ့်ပိုင်း သစ်တောများဖြစ်ပြီး မြန်မာနိုင်ငံအတွင်း တောင်မြင့်ပိုင်းများမှလွဲ၍ တစ်နိုင်ငံလုံးရှိ နေရာဒေသအနှံ့အပြားတွင် တွေ့ရှိရတတ်သည့် ငှက်မျိုးစိတ်ဖြစ်သည်။

## ငှက်လက်မမြီးရှည်ညို

မြန်မာနိုင်ငံအလယ်ပိုင်းတွင် နေထိုင်ကျက်စားလေ့ရှိသော ငှက်မျိုးစိတ်တစ်မျိုးဖြစ်သည့် ငှက်လက်မ မြီးရှည်ညို(Brown Prinia)မျိုးစိတ်များကို ကမ္ဘာ့ငှက်ပညာရှင်များက ထပ်မံမျိုးခွဲ သုတေသနပြုခဲ့ရာ မြန်မာနိုင်ငံတွင် နေထိုင်ကျက်စားသည့် ငှက်လက်မမြီးရှည်ညို ငှက်မျိုးစိတ်ကို Burmese Prinia (Prina cooki) မျိုးစိတ်အဖြစ် မျိုးခွဲခဲ့သည်။ ယင်းငှက်မျိုးစိတ်ကို မြန်မာတစ်နိုင်ငံတည်း၌သာ တွေ့ရှိနိုင်သော မြန်မာ့ဒေသရင်းမျိုးစိတ်အဖြစ် ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်က အတည်ပြုခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ရှားပါးအဆင့်စာရင်းဝင် အဆိုပါ မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်ကိုးမျိုးတို့ နေထိုင်ကျက်စားရာ နေရင်းဒေသများ ထိခိုက်ပျက်စီး၊ ပျောက်ကွယ်သွားခြင်းမရှိရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်းနိုင်မှသာလျှင် ကမ္ဘာတွင် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိဘဲ ရေရှည်တည်တံ့ရေးသည် အလွန်အရေးကြီးသည့်အတွက် တန်ဖိုးထားထိန်းသိမ်းကြရမည် ဖြစ်ပေသည်။ ။

**ကိုးကား -**

**(၁) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန**

**(၂) BirdLife International**

**(၃) သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစိုးမရအဖွဲ့)**

# ဒေသရင်းမြန်မာ့ကြယ်လိပ်များ ကျက်စားရာ
# မင်းစုံတောင်ဘေးမဲ့တော

သိန်းညွန့် PZL

**မန္တလေးတိုင်းဒေသကြီးတစ်ခွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ငါးခုဖွဲ့စည်းထားပေရာ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်း၌ "မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။**

ယင်းဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း အပူပိုင်းဒေသဂေဟစနစ်နှင့် ရှားပါးလှသော ဒေသရင်းဖွား "မြန်မာ့ကြယ်လိပ်" များ ကျက်စားကြသည့်နယ်မြေတစ်ခုပင် ဖြစ်ပါသည်။ မန္တလေး-မြင်းခြံကားလမ်းကြီး၏ မိုင်တိုင်အမှတ် (၆/၂၉) ၏ မြောက်ဘက်၊ ခက်လန်းကျေးရွာအနီး၌ တည်ရှိသော ဤဘေးမဲ့တောသည် ၂၂၅၆ဟက်တာ၊ ၅၅၇၅ ဧကကျယ်ပြောသောနယ်မြေဖြစ်သည်။ ဘေးမဲ့တောတစ်ခွင်ရှုကြည့်လိုက်မည်ဆိုပါလျှင် ၁၃၀၆ ပေရှိသော နတ်စင်တောင်ကို ဗဟိုပြုကာ တောင်စဉ်တောင်တန်းများနှင့်လျှိုမြောင်များ ဖြာထွက်နေသည်ကိုတွေ့ရပေလိမ့်မည်။

## အပူပိုင်းဂေဟစနစ်

အပူပိုင်းဂေဟစနစ်အမျိုးအစားဖြစ်သည့်မင်းစုံတောင်ဘေးမဲ့တောတစ်ခွင်တွင် "ရှား၊ သန်း၊ ဒဟတ်၊ သနပ်ခါး၊ ကန္တာရပင်များ" အဓိကပေါက်ရောက်နေပြီး သစ်ရာ၊ အင်ကြင်း၊ ထောက်ကြံ့နှင့် ပျဉ်းကတိုးပင်များကိုလည်း လျှိုမြောင်များ၌ တွေ့ရ၏။ ထို့ပြင် မြန်မာ့ဒေသရင်းငှက်မျိုးစိတ် ဖြစ်သည့်စွေ့၊ နဖားကြိုးအမြီးဝိုင်း၊ မြန်မာဘီလုံး၊ ငှက်မင်းသားဝမ်းဖြူ အပါအဝင် ငှက်မျိုးစိတ် ၇၀၊ နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၂၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၀ ခန့် ရှင်သန်ကျက်စားကြောင်းလည်း သိမှတ်ရသည်။

မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကြယ်လိပ်များကျက်စားရာ အထင်ကရနယ်မြေတစ်ခု ဖြစ်သည်။ ၁၉၉၉ ခုနှစ်မှအစပြု၍ ကြယ်လိပ်အထီးနှင့် အမခြောက်ကောင်စီဖြင့် စတင်မွေးမြူခဲ့ပေရာ ယခု ၂၀၂၂ ခုနှစ်တွင် မှတ်တမ်းများအရ ကြယ်လိပ်ကောင်ရေ ၆၀၀၀ ကျော်အထိတိုးပွားလာခဲ့သည်။ လက်ရှိ အချိန်အခါတွင်မူ ၄၀၅၈ ကောင်ကို ကြယ်လိပ်ခြံမကြီးအတွင်း၌ မွေးမြူထိန်းသိမ်းထားကြောင်းသိရသည်။



ကမ္ဘာ့ရှားပါး
မြန်မာ့မျိုးရင်း
ကြယ်လိပ်များ။

အပူပိုင်းဒေသ ဂေဟစနစ်ရေရှည်တည်တံ့ရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးအတွက် အဓိက ရည်ရွယ်ကာ "မင်းစုံတောင်ဘေးမဲ့တော" ကို ၂၀၀၁ ခုနှစ် မတ်လ ၂၂ ရက်မှစတင်ကာ သစ်တောရေးရာဝန်ကြီးဌာနက ဘေးမဲ့တောအဖြစ် သတ်မှတ်တည်ထောင်ခဲ့ခြင်း ဖြစ်ပေသည်။

> ❛ မြန်မာ့ဒေသရင်းငှက်မျိုးစိတ် ဖြစ်သည့်စွေ့၊ နဖား ကြိုးအမြီးဝိုင်း၊ မြန်မာဘီလုံး၊ ငှက်မင်းသားဝမ်းဖြူ အပါအဝင် ငှက်မျိုးစိတ် ၇၀၊ နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၂၆ မျိုး၊ လိပ်ပြာ မျိုးစိတ် ၃၀ ခန့် ရှင်သန်ကျက်စား ❜

ဤဘေးမဲ့တောသည် သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ရန်နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုရန် စီမံချက်များစနစ်တကျ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါ၏။ မြန်မာတစ်နိုင်ငံတည်းတွင်သာ ရှားရှားပါးပါးတွေ့ရှိရသော "မြန်မာ့ကြယ်လိပ်" ကို ဒေသအလိုက် "ကြယ်လိပ်၊ ဆီချိုလိပ်၊ တောင်ပုံလိပ်၊ မန်းကျည်းလိပ်၊ မြလိပ်နှင့် နတ်လိပ် ဟူ၍လည်း ခေါ်ဆိုကြကြောင်း သိမှတ်ရသည်။

## မြန်မာမျိုးရင်းစစ်စစ်

မြန်မာ့ကြယ်လိပ်များနှင့်ပတ်သက်၍ မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်က "ဒီကြယ်လိပ်တွေက မြန်မာမျိုးရင်းစစ်စစ်ပါ။ တခြားနိုင်ငံတွေမှာ မရှိပါဘူး။ သဘာဝတောထဲမှာ မျိုးသုဉ်းလုနီးပါးအခြေအနေရှိလာတာမို့ ခြံလှောင်ပြီး ထိန်းသိမ်းမွေးမြူထားတာပါ။ သဘာဝအနေနဲ့လည်း တောထဲမှာ ထိန်းသိမ်းမွေးမြူထားတာကတော့ တစ်ပိုင်းပေါ့။ ခြံလှောင်မွေးမြူထားတဲ့ ကြယ်လိပ်တွေကို ဒုတိယပိုင်းအနေနဲ့ သဘာဝတောထဲကို လွှတ်ပေးပြီး မျိုးဆက်ပြန့်ပွားနိုင်ဖို့လည်း လုပ်ဆောင်ပေးပါတယ်။

အချုပ်အားဖြင့်ဆိုရပါသော် မြန်မာ့ဇီဝရတနာဖြစ်သည့် "ကြယ်လိပ်" မျိုးစိတ်များအရှည်တည်တံ့ကျက်စားပေါက်ပွားရေးအတွက် နိုင်ငံတော်က စနစ်တကျစီမံဆောင်ရွက်လျက်ရှိရာတွင် ဒေသခံပြည်သူများနှင့် သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးသူတိုင်းကပါ အသိတရားရှိရှိ ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြပါရန် ဆော်ဩတိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

# မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်ဒေသတွင် ငါးမျိုးစိတ်ပေါင်း ၉၀ ကျော် နေထိုင်ကျက်စားလျက်ရှိ

**ကချင်ပြည်နယ်** **မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်ဒေသတွင် တွေ့ရှိရသည့် ဒေသရင်း ငါးမျိုးစိတ်များ အပါအဝင် ငါးမျိုးစိတ်ပေါင်း ၉၀ ကျော် နေထိုင်ကျက်စားလျက်ရှိကြောင်း အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။**









အင်းတော်ကြီးအိုင်သည် အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးကုန်းတွင်းရေချိုအိုင်ကြီးဖြစ်၍ ပထမအကြီးဆုံးနှင့် ဒုတိယအကြီးဆုံးဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံရှိ တုန်လီဆက်ကန်(Tonle Sap Lake)နှင့် ဖိလစ်ပိုင်နိုင်ငံရှိ လာဂူနာဒီဗေးကန်(Lagunade Bay)တို့ဖြစ်ကြပြီး ယင်းအိုင်အတွင်း တွေ့ရှိရသည့် ငါး၊ ပုစွန်၊ ကဏန်း၊ ယောက်သွား၊ ဖား၊ မြွေနှင့်ငှက်မျိုးစုံများ အပါအဝင် ရေနေသတ္တဝါမျိုးစုံတို့ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတ္တဝါများထဲမှ ငါးများသည် လူတို့၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် အာဟာရအတွက်သာမက အင်းတော်ကြီးအိုင်နှင့် ဝန်းကျင်အတွင်း နေထိုင်ကျက်စားလျက်ရှိသော ဆောင်းခိုငှက်မျိုးစိတ်များအပါအဝင် ဒေသငှက်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအတွက် အရေးပါသော အစားအစာသာဖြစ်ပြီး ယင်းအိုင်နှင့် ဝန်းကျင်ရှိ ချောင်းများတွင် ဒေသရင်း ငါးမျိုးစိတ်များအပါအဝင် ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်ဒေသတွင် အများဆုံးတွေ့ရှိရသော ငါးမျိုးစိတ်များမှာ ငါးကျောင်း၊ ငါးဘတ်၊ ငါးခုံးမ၊ ငါးဖယ်၊ တီလားပီးယား၊ ငါးလဘိ၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးဒေါင်းဇင်း၊ ငါးပြေမ၊ ငါးခူ၊ ငါးရံ့နှင့် ငါးမြစ်ချင်းစသည်တို့ဖြစ်ကြပြီး ရှားပါးငါးမျိုးစိတ်များဖြစ်သည့် မိကျောင်းသွားကြားထိုးတံ ငါးမျိုးစိတ်နှင့် ရေနယားငါးမျိုးစိတ် နှစ်မျိုးအပါအဝင် သိပ္ပံလောက၌ နောက်မျိုးစိတ်သစ်ခြောက်မျိုးကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ပြီး သိပ္ပံလောကတွင် မှတ်တမ်းတင်ခြင်းမရှိသေးသော ငါးမျိုးစိတ်များလည်းရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်ပတ်လည်တွင် ကျေးရွာအုပ်စု ၁၁စုနှင့် ကျေးရွာပေါင်း ၃၃ ရွာရှိသည့် အနက် ကျေးရွာ၁၇ရွာမှ ဒေသခံပြည်သူရေ လုပ်ငန်း လုပ်ကိုင်ကြသူ ၃၀၀ကျော်ရှိပြီး နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသန်မျိုးစိတ်အကောင်ရေ သုံးသိန်းကျော်ခန့် စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

—— ရွှေမိုးညှင်း

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ပိုက်ကျော်ခြင်း (အမျိုးသား) ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့ဆက်လက် ကျင်းပသည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ နံနက် ၈ နာရီက ကျင်းပသည့် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ရှုံးထွက် ပွဲစဉ်များတွင် စွမ်းအင်ဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး – သုံးဂိုး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို၁၀ ဂိုး– တစ်ဂိုး၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အသင်းကို ၁၃ ဂိုး – တစ်ဂိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအသင်းကို ငါးဂိုး – တစ်ဂိုးတို့ဖြင့် အနိုင်ရရှိသည်။

ဒီဇင်ဘာ၂၇ရက် နံနက်၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်း၊ စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်သည်။

ဝန်ကြီးဌာန ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ဆက်လက် ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့ အားကစားရုံ၌ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အသင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ (ဂ)ရပ်ကွက်နေ လင်းဇာဇာခြည်(ခ) မီးရှမ်းသည် ၎င်းအသုံးပြုသည့် “Lin Zar Chi” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြုပြီး Drop Bomb များ ကြဲချဖောက်ခွဲမှုကြောင့် ကော့ကရိတ်မြို့ ရွှေကြက်မင်းဘုန်းကြီးကျောင်းမှ သံဃာတော်တစ်ပါး ပျံလွန်တော်မူ၊ ဦးပဉ္ဇင်းနှစ်ပါး၊ ကိုရင်တစ်ပါးနှင့် ဘုန်းကြီးကျောင်းသားတစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကြမ်းဖက် အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများ ဖြစ်စေရန် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာ ဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက် တိုက်ခိုက်ခြင်း၊ ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သား ပြည်သူများအား ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။



PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရွှေကြက်မင်းဘုန်းကြီးကျောင်းပေါ်သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသည့် ဦးပဉ္ဇင်းတစ်ပါးကို တွေ့ရစဉ်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁) ရပ်ကွက်အတွင်းရှိ ရွှေကြက်မင်း ဘုရားကုန်းပေါ်သို့ အကြမ်းဖက်မှုကို လိုလားသော KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drone နှစ်စင်း အသုံးပြု၍ Drop Bomb များဖြင့် ကြဲချ ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှုကို လိုလားသော KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကြဲချတိုက်ခိုက်ခဲ့သည့် Drop Bomb နှစ်လုံးသည် ရွှေကြက်မင်း ဘုန်းတော်ကြီးကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် သံဃာတော်တစ်ပါးပျံလွန်တော်မူခဲ့ပြီး ဦးပဉ္ဇင်းနှစ်ပါး၊ ကိုရင်တစ်ပါးနှင့် အသက် ၁၁ နှစ်အရွယ် ဘုန်းကြီးကျောင်းသား တစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကာ ဘုန်းတော်ကြီးကျောင်း အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရွှေကြက်မင်းဘုန်းကြီးကျောင်းပေါ်သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး ပျက်စီးမှုကို တွေ့မြင်ရစဉ်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် သံဃာတော်များနှင့် ဘုန်းကြီးကျောင်းသားအား ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး ဗုံးစထိမှန်မှုကြောင့် ပျံလွန်တော်မူခဲ့သည့် သံဃာတော်အား ကောင်းမွန်စွာ မီးသင်္ဂြိုဟ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အထက်ပါ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# AFF Cup ပြိုင်ပွဲ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်းနှင့် အင်ဒိုနီးရှားအသင်း နိုင်ပွဲဆက်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (က) တတိယနေ့ကို ဒီဇင်ဘာ ၂၆ ရက်က ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားနှင့် ထိုင်းအသင်း နိုင်ပွဲဆက်ခဲ့သည်။

ထိုင်းနိုင်ငံရှိ သာမတ်ဆက်ကွင်း၌ ကျင်းပသည့်ပွဲတွင် ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းအသင်းသည် ယခုပြိုင်ပွဲ၏ ပထမဆုံး အိမ်ကွင်းပွဲတွင် ဖိလစ်ပိုင်အသင်းကို အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းသည် အဝေးကွင်းတွင် ဘရူနိုင်းကို ဂိုးပြတ် အနိုင်ယူပြီးနောက် ဖိလစ်ပိုင်ကို ထပ်မံအနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် အိမ်ကွင်း၌ ခြေအသာဖြင့် ကစားကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဝါရင့် တိုက်စစ်မှူး ဒန်ဒါက ၃၊ ၄၁ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ဒုတိယဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ထိုင်းအသင်းက ပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ၅၇ မိနစ်တွင် အဒီဆစ်နှင့် ၆၃ မိနစ်တွင် ဆူဖာနန်တို့က သွင်းယူခဲ့သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူကွင်း၌ ကျင်းပသည့်ပွဲတွင် အင်ဒိုနီးရှားအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ အုပ်စုပထမပွဲတွင် အနိုင်ရထားသည့် အင်ဒိုနီးရှားအသင်းသည် အုပ်စုတွင်း အင်အားအနည်းဆုံး ဘရူနိုင်းအသင်းကို အဝေးကွင်း၌ ခုနစ်ဂိုးပြတ်သွင်းယူကာ နိုင်ပွဲဆက်ခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ပထမပိုင်း၌ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် အဘီမန်ယု၊ ၄၁ မိနစ်တွင် ဒန်ဒီ၊ ၅၉ မိနစ်တွင် အီဂီ၊ ၆၁ မိနစ်တွင် ဆာပီဆိုဂျီဗီ၊ ၆၉ မိနစ်တွင် ဆန်နန်တာ၊ ၈၆ မိနစ်တွင် အန်တိုနီကလေ့၊ ၉၀+၂ မိနစ်တွင် ဆာယူယီတို့က သွင်းယူခဲ့သည်။

အုပ်စု (က) တတိယနေ့အပြီးတွင် အင်ဒိုနီးရှားအသင်းနှင့် လက်ရှိချန်ပီယံ အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးမှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား သုံးမှတ်ရရှိထားကာ ဘရူနိုင်းအသင်းမှာမူ သုံးပွဲကစား သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်**

**ဓာတ်ပုံ-FAT**




ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်နေစဉ်။

# AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့အဖြစ် ဗီယက်နမ်နှင့် မလေးရှား၊ လာအိုနှင့် စင်ကာပူ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂၇ ရက် (ယနေ့) ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ဗီယက်နမ်နှင့် မလေးရှား၊ လာအိုနှင့် စင်ကာပူ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တတိယနေ့တွင် မြန်မာအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်းသာ ယှဉ်ပြိုင်မည်ဖြစ်ကာ ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ New Laos National Stadium ၌ လာအိုအသင်းနှင့် စင်ကာပူအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့အပြီးတွင် မလေးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းက တစ်ပွဲကစား သုံးမှတ်စီရရှိထားကာ မြန်မာနှင့် လာအိုအသင်းမှာမူ နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် အမှတ်မရသေးပေ။ မလေးရှားအသင်းသည် မြန်မာနှင့် လာအိုအသင်းကို အနိုင်ရရှိကာ ရမှတ်ခြောက်မှတ်ရရှိထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်နှစ်ပွဲစလုံး အရေးပါနေသည်။ ဗီယက်နမ်နှင့် အဝေးကွင်းပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်ပါက ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးပိုသာသွားမည်ဖြစ်သည်။ တစ်ပွဲစီကစားထားသည့် ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုတွင်လည်း အနိုင်ရသည့်အသင်းမှာ နောက်တစ်ဆင့်တက်ရန် အခွင့်အရေးပိုသာမည်ဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်မည့် ပွဲတစ်ပွဲဖြစ်လာနိုင်သည်။

မြန်မာအသင်းသည် မလေးရှားအသင်းကို အိမ်ကွင်း၌ တစ်ဂိုး - ဂိုးမရှိ၊ စင်ကာပူအသင်းကို အဝေးကွင်း၌ သုံးဂိုး - နှစ်ဂိုးဖြင့် အရှုံးနိမ့်ထားပြီး လက်ကျန်ပွဲများအဖြစ် ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ထပ်မံကစားရမည် ဖြစ်သည်။

**ရဲရင့်လွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၃၂၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၁၀/မဒန(နိုင်) ၁၅၂၀၅၈က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6446, Subaru Sambar TT1 Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းမြင့် ၁၂/သဃက(နိုင်) ၁၇၀၇၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊အင်ကြင်းကုန်းအုပ်စု၊ ညောင်ပင်သာယာ၊အမှတ် ၂၁နေ ဒေါ်နီနီဇော် ၅/မမန(နိုင်)၁၀၆၅၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းအုပ်စု၊ ညောင်ပင်သာယာ၊ အမှတ် ၅၉၁၊ ဦးပိုင်အမှတ် ၁၁/၆၊ ဘိုးညှာတိကွင်း၊မြေစာ(R-4) အကျယ်အဝန်း ဧရိယာ ၂ဒသမ၀၀ကေ(၃၆၀ပေx ၃၆၀ပေ) စတုရန်းပေသည် မူလအမည်ပေါက် ပိုင်ဆိုင်သော ဦးစိန်ဝင်း ၈/ပခတ(နိုင်)၁၀၈၁၉၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် ၂၂-၁၁-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၂၂-၁၁-၂၀၂၂ရက်စွဲပါ စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ်၌ အခွန်ထမ်းပြေစာမူရင်းအား လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ၂၂-၁၁-၂၀၂၂ရက်စွဲပါ စာချုပ်ချုပ်ဆိုပြီးသည့်နောက်ပိုင်းမှစ၍ ကျွန်ုပ်၏မိတ်ဆွေသည် ပိုင်ဆိုင်သူအဖြစ် ရောင်းချထားသည့် မြေအား လက်ရောက်ရရှိခဲ့၍ ယင်းမြေအား စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LL.B, D.B.L, D.I.L.D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၅၅၇)**
**တိုက်အမှတ် ၉/၁၁၊ အခန်း အမှတ်(၀၀၄)၊ (မြေညီထပ်)၊၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၅၁၄၅၆၃၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ထူးကြီးမြို့၊ (၁)ရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ်(၃၈)နေ ဦးတွတ်(ခ)ဦးထွန်းအေး ၁၄/အဂပ(နိုင်) ၀၀၄၇၇၀-ဒေါ်သောင်းအေး ၁၄/အဂပ(နိုင်)၁၅၆၉၇၅ တို့၏သား မောင်အောင်အောင် ၁၄/အဂပ(နိုင်)၂၇၇၁၇၂ သည် မိဘတို့၏ ဆုံးမစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲမှုများပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်မယူပါကြောင်း။

**မိဘ-ဦးတွတ်(ခ)ဦးထွန်းအေး-ဒေါ်သောင်းအေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1U/9351,XINYUAN (XYZOO7H) 3 Wheel ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၁၄/ပသန(နိုင်) ၀၂၂၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/71194, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထက် ၅/ဝလန(နိုင်) ၁၄၇၄၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/90229, LUOJIA 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှိုင် ၇/သဝတ(နိုင်) ၀၃၂၆၃၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုကို ကျော် ၈/ဂဂန(နိုင်)၁၃၁၈၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

# သွေးသည် အသက်

# သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပြည်တက္ကသိုလ်
## နေ့သင်တန်းအကြိမ်(၂၀)မြောက်နှင့် အဝေးသင်သင်တန်း၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

ပြည်တက္ကသိုလ်၏ (နေ့သင်တန်း) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများသည် ဘွဲ့လျှောက်လွှာများကို နေ့သင်တန်း အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်တွင်လည်းကောင်း၊ (အဝေးသင်သင်တန်း) ၂၀၁၉ ပညာသင်နှစ်၊ ၂၀၂၀ပညာသင်နှစ် (၂၀၂၂)ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများသည် ဘွဲ့လျှောက်လွှာများကို အဝေးသင် သင်တန်း ပထမအကြိမ် ဘွဲ့နှင်းသဘင်တွင်လည်းကောင်း လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | - ကျပ် ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - ကျပ်- ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - ၂၇-၁၂-၂၀၂၂ရက်မှ ၁၀-၁-၂၀၂၃ရက်အထိ (အစိုးရရုံးပိတ်ရက်များအပါ) |

**မှတ်ချက်**

(၁) သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို နေ့သင်တန်း ကျောင်းသား/ကျောင်းသူများသည် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်လည်းကောင်း၊ အဝေးသင်သင်တန်း ကျောင်းသား/ ကျောင်းသူများသည် အဝေးသင်ဌာနတို့တွင်လည်းကောင်း ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး လျှောက်ထားရမည်။

(၂) လွန်ခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာဝတ်ဆင်ပြီး သပ်ရပ်စွာ ရိုက်ကူးထားသော (၂" x ၁ ၁/၂")ဓာတ်ပုံ(၃)ပုံပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံသည် အပြာရောင်နောက်ခံဖြင့် နားရွက်နှစ်ဖက်ပေါ်လွင်အောင် ရိုက်ကူးထားသောပုံဖြစ်ရမည်။

(၃) သတ်မှတ်ထားသည့် တက်ရောက်/အဝေးရောက်ဘွဲ့ကြေးများကို ပြည်တက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။ အချိန်မှီ လျှောက်ထားခြင်းမပြုလျှင် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ရမည် မဟုတ်ပါ။

(၄) ဘွဲ့လျှောက်လွှာတင်သွင်းချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် မူရင်းနှင့်မိတ္တူနှစ်မျိုးစလုံး တင်ပြနိုင်မှသာလျှင်ဘွဲ့လျှောက်လွှာများကိုလက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၅) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး (၆)လကြာမှသာ အဝေးရောက်ဘွဲ့လျှောက်ထားသူများနှင့် အတူ ဘွဲ့လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။

(၆) ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

(၇) ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ထပ်မံ ကြေညာသွားမည်ဖြစ်ပါသည်။

